# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 24 August 2025 ၁၁၉၁၉


**စည်းစိမ်ဥစ္စာ သတင်းကျော်စော***

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်–နှုတ်–စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ–၂၄)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချစိုက်ပျိုး



## ပြည်ထောင်စုနယ်မြေတွင် သစ်စေ့မြေလုံး ၁၀၀၀၀၀ နှင့် ရှမ်းပြည်နယ်တွင် သစ်စေ့မြေလုံး ၂၀၀၀၀၀ ကြဲချ

နေပြည်တော် ဩဂုတ် ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှတ်ကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေကန်ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောတို့အတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသော တောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကြဲချခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫

အင်းလေးကန် ရေဝေရေလဲ ဧရိယာအတွင်း ကြဲချစိုက်ပျိုးမည့် သစ်စေ့မြေလုံးများကို တာဝန်ရှိသူများက ရဟတ်ယာဉ်ပေါ် တင်ဆောင်စဉ်။

**ယနေ့ ဖတ်စရာ**


နိုင်ငံနှင့်ဒေသတွင်းလုံခြုံရေးထိခိုက်နိုင်မှုများ အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက် စာမျက်နှာ » ၂

ကုန်သွယ်မှုလိုငွေနှင့် သက်ရောက်မှု စာမျက်နှာ » ၆

နောင်ချိုမြို့နယ်၌ အသက် ၁၅ နှစ်အောက်ကလေးများအား အမီလိုက်နည်းလမ်းဖြင့် လိုအပ်သောကာကွယ်ဆေးထိုးနှံတိုက်ကျွေးလျက်ရှိ စာမျက်နှာ » ၇


# ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်လျက်ရှိ

မန္တလေး ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေး စီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး)ခြောက်ထပ်အဆင့်မြင့် ဈေးသစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။



ကြေးမုံ

# နိုင်ငံနှင့်ဒေသတွင်းလုံခြုံရေးထိခိုက်နိုင်မှုများ အမျိုးသားရေးအသွင်ဖြင့်တိုက်ဖျက်

ဩဂုတ်လ ၁၂ ရက်နေ့က ပြုလုပ်သည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထိုးနှက်မှုများကိုလည်း လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားမှု စသည်တို့ဖြင့် တစ်ဖက်လှည့်ထိုးနှက်မှုများ လုပ်ဆောင်လာနိုင်ပြီး နိုင်ငံ၏လုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့်အသွင်ဖြင့် ပုံဖော်လုပ်ဆောင်လာနိုင်ကြောင်း" အသိပေးပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် စဉ်ဆက်မပြတ်ဖော်ထုတ် တားဆီးနှိမ်နင်းလျက်ရှိရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထု ပူးပေါင်းကူညီမှုဖြင့် နိုင်ငံအတွင်း သယ်ဆောင်ရောင်းဝယ်ဖောက်ကားနေသော ပြစ်မှုကျူးလွန်သူများနှင့်အတူ မူးယစ်ဆေးဝါးများနှင့်ဆက်စပ်ပစ္စည်းများကို မကြာခဏဖော်ထုတ်ဖမ်းဆီးနိုင်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် ရှမ်းပြည်နယ်နှင့် နယ်စပ်ဒေသများသည် ပထဝီအနေအထားနှင့် နောက်ခံသမိုင်းကြောင်းများအရ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများရှိခဲ့ရာ နိုင်ငံတော်အစိုးရအဆက်ဆက်၌ စစ်ဆင်ရေးအမျိုးမျိုး၊ စီမံချက်အမျိုးမျိုးဖြင့် တိုက်ဖျက်နှိမ်နင်းခဲ့သော်လည်း ယနေ့ထက်တိုင် အမြစ်မပြတ်နိုင်သေးသည်ကို တွေ့မြင်နိုင်သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အလေးထားတိုက်ဖျက်လျက်ရှိသကဲ့သို့ ယခုလက်ရှိအနေအထားထက်ပိုမို၍ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းပြောကြားထားသည်။ ယခုဩဂုတ်လ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ရွှေပြည်သာမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း၊ ရန်ကုန်မှတစ်ဆင့် မလေးရှားရေပိုင်နက်သို့လည်းကောင်း မူးယစ်ဆေးဝါးများပို့ဆောင်မည့် မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့ဝင်များနှင့်အတူ ငွေကျပ် ၂၅၇ ဒသမ ၁၀၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလို၊ ကက်တမင်း ၁၈၉၉ ကီလိုတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ပြီးခဲ့သည့်ဇူလိုင်လ ၂၁ ရက်နေ့ကလည်း ငွေကျပ် ၄၈ ဘီလီယံကျော်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသည့်ဖြစ်စဉ်တွင် ရန်ကုန်မြို့မှ ပြည်ပသို့ ရေကြောင်းလမ်းအသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ အကြိမ်ကြိမ်ကျူးလွန်သယ်ဆောင်ခဲ့ကြသည့် ဂိုဏ်းအဖွဲ့ဝင်များကို ဖော်ထုတ်ဖမ်းဆီးရမိသည်။ ပြီးခဲ့သည့်မေလအတွင်းကလည်း ရန်ကုန်မှတစ်ဆင့် ရေလမ်းကြောင်းအသုံးပြုပြီး မလေးရှားပင်လယ်ရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၂၈၂ ဒသမ ၃၂၅ ဘီလီယံခန့်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးနှင့်စိတ်ပြောင်းဆေးဝါးများကို သယ်ဆောင်ရောင်းချသူ AA သောင်းကျန်းသူအဖွဲ့ဝင်များနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိသည့်သတင်းတို့ကို တွေ့ရှိခဲ့ရသည်။

မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့များအနေဖြင့် စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်မှ ရန်ကုန်နှင့်အခြားမြို့များတွင် ခေတ္တသိုလှောင်ပြီး ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် မလေးရှားရေပြင်ပိုင်နက်သို့ ကုန်းလမ်းနှင့် ပင်လယ်ရေလမ်းကြောင်းတို့ကိုအသုံးပြု၍ သယ်ဆောင်ရောင်းဝယ်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြခြင်းဖြစ်ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ထိထိရောက်ရောက် အရေးယူခြင်းခံရမည်ဖြစ်သလို ၎င်းတို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်ပါ ထပ်မံအရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဖမ်းဆီးရမိမှုဖြစ်စဉ်များနှင့်ပတ်သက်၍ ယခုဖြစ်စဉ်အပါအဝင် နှစ်စဉ်လစဉ် အကြိမ်ကြိမ်ဖမ်းဆီးရမိသည့်ဖြစ်စဉ်များကို တွေ့ရသည်။ မူးယစ်ဆေးဝါးများကို ထိုသို့မကြာခဏ ဖမ်းဆီးရမိနေသော်လည်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ ဆက်လက်ရှိနေသည်ကို ဆန်းစစ်အဖြေရှာထုတ်ဖော်ပြီး ယခုထက်ပိုမိုဖော်ထုတ်၍ ဝိုင်းဝန်းကြိုးပမ်းကြကာ နိုင်ငံအတွင်းနှင့် ဒေသတွင်းကို အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးဂိုဏ်းများအားလုံးကို အမြစ်ပြတ်သည်အထိ ဖော်ထုတ်ဖမ်းဆီးတိုက်ဖျက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိသေဆုံးသူ ၃၇၈၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၂၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၆၀ ကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ရန်ကင်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကင်းမြို့နယ် မဟာသာသနာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကင်းမြို့နယ် အခွန်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဟန်သီစုလှိုင်က အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့်လုပ်ငန်းရှင်စုစုပေါင်း ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မင်းလှမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Unique Identity ဆောင်ရွက်ပေး

မင်းလှ ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအားBiometric ကောက်ယူပြီး (UID) Unique Identity ထုတ်ပေးခြင်းကို မြန်မာ့စီးပွားရေးဘဏ်၌ ယမန်နေ့က ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန မြို့နယ်ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဦးလော်ရမ်း ဦးဆောင်၍UID(Smart Card) မပြုလုပ်ရသေးသော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား (UID) Unique Identity ထုတ်ပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း ကျန်ရှိသူများအား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့၌ သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

ဇလွန် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးမှူးရုံးက ယနေ့နံနက်ပိုင်းတွင် ဇလွန်မြို့ ကမ်းနားရပ်ကွက်များ၌ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေဘေး၊ မီးဘေး၊ မိုးခေါင်ရေရှား၊ လေပြင်းတိုက်ခိုက်မှု၊ မြေငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ဆူနာမီဘေးစသည့် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်မီးသတ်လက်ထောက်ဦးစီးမှူးဦးပြည့်စုံအောင် ဦးဆောင်၍ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**



## ၂၃ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဌာနများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။



ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အဆောက်အအုံ အကြီးစားပြင်ဆင်နေသည့်နေရာသို့ ရောက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆောက်အဦ ဦးစီးဌာနမှ တာဝန်ရှိသူတို့က ရုံးအဆောက်အအုံပြင်ဆင်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအား မူလပုံစံမပျက်ဆောက်လုပ်ရန်၊ စံချိန်စံညွှန်းနှင့်အညီ ခိုင်ခံ့မှုရှိစေရေး ပြုပြင်တည်ဆောက်ရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(ရုံးချုပ်)၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(ရုံးချုပ်)၊ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့၌ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးပြည်သူ့ဘဏ္ဍာရေးဝန်ဆောင်မှုများပေးရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာဥပဒေများနှင့် ကိုက်ညီရေး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းများ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအချက်အလက်များ မှန်ကန်ကိုက်ညီစေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဆောင်ရွက်ရေး၊ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ကိုက်ညီစေရေး၊ ပြည်သူလူထုက အားထားရသော ဌာန၊ အဖွဲ့အစည်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**✻ ပြင်ဦးလွင်မှ**

အဆိုပါ ဈေးသစ်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားပြီး စီမံကိန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညောင်ပင်သာကျေးရွာတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး GW-11၊ DU-16၊ အောင်နိုင်တိုး၊ ရွှေရင်အေးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်များသို့ ရောက်ရှိပြီး တောင်သူများအား စပါးသီးနှံ၊ ဆီထွက်သီးနှံအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနေမှုများကို ပြောကြားပြီး စမ်းသပ်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စံပြကွက်တွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာစုပေါင်းကြဲပက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နောင်လှိုင်ကျေးရွာအုပ်စုရှိ ၂၀၂၅-၂၀၂၆ ခုနှစ် အစေ့ထုတ်ပြောင်းပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကွက်သို့ရောက်ရှိပြီး တောင်သူ ဦးဇင်မင်းထွဋ်၏ မိုးအစေ့ထုတ်ပြောင်း စိုက်ခင်း ၄၂ ဧကနှင့် မိုးမြေပဲ စိုက်ခင်း ၁၈ ဧကတို့တွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ နောင်ခမ်းကြီးရပ်ကွက်အနီး ရေဆင်းဧရိယာ ၆ ဒသမ ၆၃ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၇၀၀၀ ရှိ ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိပြီး ပြင်ဦးလွင်မြို့တွင် နေထိုင်လူဦးရေ တိုးပွားလာမှုအတွက် ရေပိုမိုပေးဝေနိုင်ရန် ဆင်လမ်းဆည်အား ယခင်ကန်ရေပြည့်ရေမှတ် ၃၇၂၆ ပေမှ ယခု ၃၇၂၈ ပေအထိ နှစ်ပေတိုးမြှင့် ရေသိုလှောင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆင်လမ်းတမံအတွင်း ရေဝင်ရောက်မှုနှင့် သောက်သုံးရေပေးဝေနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်း အနီးစခန်း ဘူတာလမ်းခွဲအနီးရှိ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်တန်းများကို စနစ်တကျဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်နေသည့် အနီးစခန်း ဈေးတန်းဈေးဆိုင်ခန်းများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**☆ ရွှေ့ဖုံးမှ**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း လွှတုံကြိုးဝိုင်း အကွက်အမှတ် (၂၀) ရှိ ဧရိယာ ၁၀ ဒသမ ၄ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား ငါးမျိုးဖြစ်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်းသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်း အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဟန်သူ၊ နေပြည်တော်လေတပ်စခန်း စခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် များနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း ကြဲချစိုက်ပျိုးမည့် သစ်စေ့မြေလုံးများကို တာဝန်ရှိသူများက ရဟတ်ယာဉ်ပေါ် တင်ဆောင်စဉ်။

ဆက်လက်၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောရှိ ဧရိယာ ၈၆၆ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား သုံးမျိုးဖြစ်သည့် ကုလားကုက္ကို၊ ဘောစကိုင်း၊ အော်ရီးရှား သစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၂၀၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့် နှစ်ခေါက် ကြဲချခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှု အထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိဆင်သေချောင်း ရေဝေရေလဲဒေသ အတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေး အနောက် ကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှု အခြေအနေများကို ဒီဇင်ဘာလတွင် နမူနာကွက်များ ပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်မှု၊ ရှင်သန်နိုင်မှုအခြေအနေကို စာရင်းကောက်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရွှေပြည်သာမြို့နယ် ရွှေပြည်စိုးရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေပြည်စိုးရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရွှေပြည်စိုးရောင်းဝယ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးတင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ရွှေပြည်သာမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျော့ကေဟန်က အသင်းမှ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွှေပြည်စိုးရောင်းဝယ်ရေးသဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များက အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား၍ အတည်ပြုချက်ရယူခဲ့သည်။ ဆက်လက်၍ အသင်းသားများအား လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးမိုး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရေနံချောင်းစက်မှုဇုန် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ရှိ ရေနံချောင်းစက်မှုဇုန်သို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်မှုဇုန်ခန်းမ၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ရေနံချောင်းတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်လျှင် နိုင်ငံ၏ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိ၍ ဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီးဖြစ်၍ ဥပဒေအရ စက်မှုဇုန်အဆင့်အတန်း သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် အပြန်အလှန်စစ်ဆေးပြီးဖြစ်ကြောင်း။

ထို့ပြင် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်မည်ဖြစ်၍ ထုတ်ကုန်ပစ္စည်းများအားအရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာ၍ ထုပ်ပိုးမှုစနစ်ကောင်းကောင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဝင်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် စက်မှုလုပ်ငန်းများသည် ဒေသတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုဇုန်နှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များ၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက စက်မှုဇုန်အား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေ၊ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးက ရေနံချောင်းစက်မှုဇုန်ဆိုင်ရာ အချက်အလက်များ၊ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးတို့က ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ရေနံချောင်း) ကျောင်းအုပ်ကြီးက စက်မှုလုပ်ငန်းများနှင့် ကျောင်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ တာဝန်ရှိသူများက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်မှု၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့်အခြေအနေ၊ စက်မှုဇုန်အတွက် လိုအပ်သောကုန်ကြမ်းရရှိရေး၊ နည်းပညာရရှိရေးအတွက် အသိပညာမျှဝေဆွေးနွေးပွဲများ ပြုလုပ်ပေးမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေစဉ် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်မှုဇုန်အတွင်းရှိ Alpha Vina ကွန်ကရစ်တိုင်များ ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်းကောင်း၊ ဝင်း-သမစိတ္တ ဆီစက်တွင် စားသုံးဆီများ ကြိတ်ခွဲထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ King Golden Dragon Co., Ltd. ၏ STAR မော်တော်ဆိုင်ကယ်များအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့် တို့ကိုလည်းကောင်း လှည့်လည်အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နမ့်စန်မြို့နယ်၊ လင်းခေးမြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၊ လင်းခေးမြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာဟာရပြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ မှော်ဘီခရိုင် ရုံးခန်းသစ်ဖွင့်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့ မှော်ဘီခရိုင် ရုံးခန်းသစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အမှတ်(၄၅၇) ကန်ပတ်လမ်း ယမုံနာ(A)ထိပ်ရှိ အဆိုပါ ရုံးခန်းအသစ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌဦးဝဏ္ဏနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်အသီးသီးမှဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုစည်းရုံးရေးရာ ကော်မတီ အတွင်းရေးမှူး ဦးသန့်ဇင်လှိုင် (ဗုဒ္ဓဘာသာ)၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဘုန်းမြင့်၊ ဗဟို အထောက်အကူပြု အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ဗဟိုအထောက်အကူပြု လူမှုရေးရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် တာဝန်ရှိသူများက မှော်ဘီခရိုင် ရုံးခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲကို ဆက်လက်ကျင်းပရာ (ဗဟို)ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး အလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ် အသီးသီးမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက ကန်သာယာကန်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးများလွှတ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့က ဘာသာစုံလက်တွဲညီ Group Song တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြား၍ မှော်ဘီခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ အလုပ်အမှုဆောင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ(ဗဟို)ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌတို့က မှော်ဘီခရိုင်၊ မြို့နယ်များမှ အလုပ်အမှုဆောင်များအား ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ယင်းနောက် (ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့က မှော်ဘီခရိုင်အဖွဲ့သို့ အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး မှော်ဘီခရိုင် ဥက္ကဋ္ဌ ဦးသန့်ဇော်မင်းထိုက်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စဥ့်ကိုင်မြို့နယ် ရသာ-နန်းနီ-အုန်းလကျောက် ကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

စဥ့်ကိုင် ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၆ ဒသမ ၄၄ သန်းဖြင့် ရသာ-နန်းနီ-အုန်းလကျောက် ကျေးရွာချင်းဆက်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ရသာ-နန်းနီ-အုန်းလကျောက် ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၁/၅မိုင်၊ အကျယ် ၁၆ ပေ၊ ဒု ရှစ်လက်မကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၆ ဒသမ ၄၄ သန်းဖြင့် စဥ့်ကိုင်မြို့နယ် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းပြီးစီးပါက အကျိုးပြုနိုင်မည့်ကျေးရွာ ငါးရွာမှ အိမ်ခြေ ၇၃၄ အိမ်၊ လူဦးရေ ၃၀၀၁ ဦးတို့၏ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လူနေမှုဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ယာယီတိမ်းရှောင်စခန်းနေ အိမ်ထောင်စုများနှင့် ဗန်းမော်ခရိုင်မှ ပညာရေးဝန်ထမ်းများအား ဆန်နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့

မြစ်ကြီးနား ဩဂုတ် ၂၃

မြစ်ကြီးနားမြို့ပေါ်ရှိ ယာယီတိမ်းရှောင်စခန်းနှင့် ဗန်းမော်ခရိုင်မှ ပညာရေးဝန်ထမ်းများအတွက် ဆန်နှင့်အခြေခံစားသောက်ကုန်များကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ယနေ့နံနက် ၉ နာရီတွင် သွားရောက်ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်အတွင်း ဦးလာမြဲတား ပိုင် ခြံကွက်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီတိမ်းရှောင်နေထိုင်လျက်ရှိသော ဝိုင်းမော်မြို့နယ်အတွင်းမှ အိမ်ထောင်စုများကို ရွှေစက်နှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်း၌ တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အိမ်ထောင်စု ၁၇၀ အတွက် ငွေကျပ် ၁၈၇၂၉၀၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်ပါ ၃၅ အိတ်၊ ဆီ ၃၆ ပိဿာ၊ ကြက်ဥအလုံး ၃၄၀၀ နှင့် ဗလာစာအုပ် ၁၂၀ တို့ကို ထောက်ပံ့ပေးအပ်ရာ စခန်းတာဝန်ခံက ကျေးဇူးတင်စကားနှင့် အိမ်ထောင်စုများအတွက် လိုအပ်ချက်များကို တင်ပြရာ ပြည်နယ် ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စခန်းအတွင်း ကျောင်းသားများ စာကျက်ဆောင် ဆောက်လုပ်နိုင်ရေး ဝါးများဝယ်ယူရန် ငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် မြစ်ကြီးနားမြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမ၌ ဗန်းမော်ခရိုင်မှ နယ်မြေလုံခြုံရေးအခြေအနေအရ ပြည်နယ်ရုံးများတွင် တွဲဖက်လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗန်းမော်ခရိုင်အတွင်းမှ ထောက်ပံ့ရန်ကျန်ရှိသည့် ပညာရေးဝန်ထမ်းမိသားစု ၃၆ စုတို့အတွက် စုစုပေါင်းငွေကျပ် ၃၆၆၁၂၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်ပါ ၃၆ အိတ်၊ ဆီ ၃၆ ပိဿာနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ကြရာ ဝန်ထမ်းများကိုယ်စား ကျောင်းဆရာတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အအုံ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန့်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ စာဆိုဗိမာန် သုံးထပ်(RC) အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Myanmar land and development ltd မှ Project ဒါရိုက်တာ ဒေါ်ယုယုနိုင်က စာဆိုဗိမာန် သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် အခန်းများ ပြင်ဆင်ဖွဲ့စည်းထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စာဆိုဗိမာန် တည်ဆောက်ပြီးပါက အခန်းများအတွင်း ထားသိုပြသမည့် ရုပ်တုပစ္စည်းများနှင့် ပုံများဖြင့် စာဆိုဗိမာန်၏ ရုပ်လုံးကို ပေါ်လွင်လာစေရန် ပြင်ဆင်ကြရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ခင်းကျင်းမှုများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေး ကြိုတင်ဆောင်ရွက်အတည်ပြုချက်ရယူ၍ လုပ်ဆောင်သွားကြရန်လိုအပ်ပါကြောင်း၊ အဆောက်အအုံ အချိန်မီပြီးစီးရေးနှင့် ခင်းကျင်းမှုတို့ကို စာပေ/ရုပ်ရှင်/ဂီတ/ သဘင် စသည့် ကဏ္ဍအလိုက် ပြည့်စုံအောင် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားပြီး တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အောင်မြင်စွာကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

မရမ်းကုန်း ဩဂုတ် ၂၃

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံးခန်းမ၌ ပြုလုပ်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မရမ်းကုန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ပွဲတော်ကျင်းပဆောင်ရွက်မည့်အခြေအနေများ၊ ခရိုင်ပညာရေးမှူး ဒေါ်သီတာမင်းက ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်က ကြိုတင်ဆောင်ရွက်မည့်အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်နှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဌာနအလိုက် ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း (ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်လှစ်

နတ်တလင်း ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းရှိစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အထတွင် ပျော်မွေ့လာစေရန်အတွက် အခြေခံပညာကျောင်းများကို အခြေခံ၍ ကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အထက (နတ်တလင်း)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဦးစွာ "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်၊ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး (ပြည်မြို့)ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူအေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် စာအုပ်စာစောင်များကို မြို့နယ်ပညာရေးမှူး ဦးဘိုဘိုအောင်ထံ လည်းကောင်း၊ စာပေဟောပြောသည့်စာရေးဆရာများနှင့်ဆုရကျောင်းသား ကျောင်းသူများ၊ ဖျော်ဖြေတင်ဆက်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ ခရိုင်အဆင့် တာဝန် ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ဘက်စုံပညာနှင့် ပတ်သက်သည့် ပြိုင်ပွဲဝင်နေမှုများ၊ ဂိမ်းကစားမှုအပြင် စိတ်ဝင်စားဖွယ်ရာ ကလေးစာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့၏ပြခန်းများ၊ သင်ထောက်ကူပြခန်း၊ ပန်းချီပြခန်းနှင့် စာအုပ်ဈေးရောင်းဆိုင်များ၊ စတုဒိသာ ကျွေးမွေးခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး (ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# ကုန်သွယ်မှုလိုငွေနှင့် သက်ရောက်မှု

စောနိုင်(အသုံးချဘောဂဗေဒ)

ကုန်သွယ်မှု ပိုမိုထွန်းကားလာသော ယနေ့ကမ္ဘာတွင် ထုတ်လုပ်မှုကဏ္ဍ အားနည်းသော၊ ပို့ကုန်ကဏ္ဍဖွံ့ဖြိုးမှုမရှိသော နိုင်ငံတို့၏ ကုန်သွယ်မှုရှင်းတမ်းမှာ အမြဲတမ်းလိုလို လိုငွေပြနေပါသည်။ ကုန်သွယ်မှုလိုငွေအခြေအနေသည် အဆိုပါနိုင်ငံများအပေါ် မည်သို့သက်ရောက်စေသနည်း။ ပညာရှင်များ၊ သုတေသီများ၏ သုံးသပ်ချက်များစွာထဲမှ ကုန်သွယ်မှုလိုငွေပြမှုနှင့် နိုင်ငံ၏ ပြည်တွင်းသုံးငွေတန်ဖိုး၊ ပို့ကုန်များ၏ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့ကြား မည်သို့မည်ပုံဆက်စပ်မှုရှိနေသည်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

## ကုန်သွယ်မှုလိုငွေကြောင့် ပြည်တွင်းသုံးငွေတန်ဖိုးကို ကျဆင်းစေသည်

နိုင်ငံတစ်နိုင်ငံ ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်သည့်အခါ ပို့ကုန်မှ ရရှိသော နိုင်ငံခြားငွေပမာဏ နည်းပါးနေပြီး သွင်းကုန်အတွက် ပေးရသည့် နိုင်ငံခြားငွေပမာဏများပြားနေတတ်ပါသည်။ ရရှိသည့်နိုင်ငံခြားငွေပမာဏသည် ပေးရသည့်နိုင်ငံခြားငွေပမာဏထက် လျော့နည်းသဖြင့် လိုငွေပြခြင်းဖြစ်သည်။ ထိုအခြေအနေတွင် နိုင်ငံအတွင်းမှ နိုင်ငံခြားငွေများ ပိုမိုစီးထွက်သွားသည်။ ပြည်တွင်းတွင် နိုင်ငံခြားငွေပမာဏနည်းပါးနေသဖြင့် နိုင်ငံခြားငွေကြေးနှင့် ပြည်တွင်းသုံးငွေကြေး လဲလှယ်သည့်အခါ ပြည်တွင်းသုံးငွေပမာဏ ပိုမိုပေးရပြီး ပြည်တွင်းသုံးငွေ၏တန်ဖိုးမှာလည်း နိုင်ငံခြားငွေတန်ဖိုးနှင့်ယှဉ်ပါက ကျဆင်းသွား၏။

ပြည်တွင်းသုံးငွေ တန်ဖိုးကျဆင်းမှုသည် ပြည်တွင်းသုံး ငွေကြေး၏ ဝယ်နိုင်စွမ်းအား ထိခိုက်စေသည်။ ပြည်တွင်းသုံးငွေဖြင့် ဝယ်ယူနိုင်သည့် ကုန်ပစ္စည်းပမာဏ ယခင်ကထက် လျော့နည်းသွားခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ပြည်တွင်းကုန်ပစ္စည်းဈေးနှုန်းများ ယခင်ကထက် ပိုမိုမြင့်တက်လာသည်။ အထူးသဖြင့် သွင်းကုန်ဈေးနှုန်းများ၊ သွင်းကုန်အခြေပြု ပြည်တွင်းထုတ်ကုန်ဈေးနှုန်းများ ပို၍ကြီးမြင့်လာသည်။ ထို့ကြောင့် သွင်းကုန်မှီခိုမှုအားများသော နိုင်ငံများရှိ စားသုံးသူများအပေါ် ကုန်ဈေးနှုန်းဝန်ထုပ်ပို၍ပိလာသည်။

နိုင်ငံတစ်နိုင်ငံတွင် ပြည်တွင်းငွေကြေးတန်ဖိုး ကျဆင်းမှုကိုဖြစ်စေသည့် အကြောင်းတရားများစွာရှိပြီး ၎င်းတို့အထဲတွင် ကုန်သွယ်မှုလိုငွေသည် အကြောင်းတစ်ရပ်မျှသာဖြစ်သည်။ သို့ရာတွင် သွင်းကုန်မှီခိုမှုအားကြီးသည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းငွေကြေးတန်ဖိုး ကျဆင်းစေသည့်အကြောင်းများထဲတွင် ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်မှုသည် အဓိကအကြောင်းတရားထဲတွင် ပါဝင်သည်ကို သတိပြုသင့်ပါသည်။

## ကုန်သွယ်မှုလိုငွေသည် နိုင်ငံ၏ ပို့ကုန်ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်းကို မြင့်မားလာစေနိုင်သည်

ကုန်သွယ်မှုလိုငွေကြောင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်စေနိုင်သည်ဟုဆိုလျှင် စီးပွားရေးပညာနှင့် မရင်းနှီးသောသူများအတွက် စဉ်းစားစရာဖြစ်လာနိုင်သည်။ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ ပို့ကုန်ဈေးကွက်ဝေစုမြင့်မားရေးအတွက် အခြေအနေပေးလာခြင်းဖြစ်သည်။

ကုန်သွယ်မှုလိုငွေပြမှုကြောင့် နိုင်ငံခြားငွေကြေးနှင့် နှိုင်းယှဉ်လျှင် ပြည်တွင်းသုံးငွေတန်ဖိုးကျဆင်းလာမည်။ နိုင်ငံခြားငွေနှင့် ပြည်တွင်းငွေလဲလှယ်ရေး(နိုင်ငံခြားငွေလဲနှုန်း) တွင် နိုင်ငံခြားငွေကြေး တစ်ယူနစ်ရရှိရန် ပေးရမည့် ပြည်တွင်းငွေကြေးပမာဏ များလာသည်။ ထိုအခြေအနေသည် နိုင်ငံခြားငွေဈေးမြင့်တက်ခြင်း (ပြည်တွင်းငွေလဲနှုန်း မြင့်တက်နေခြင်း) ဖြစ်ပြီး ပြည်တွင်း၌ ကုန်စည်ဈေးနှုန်းများ ကြီးမြင့်လာနိုင်သည်။ အထူးသဖြင့် သွင်းကုန်များ၊ သွင်းကုန်အခြေပြု ထုတ်ကုန်များ သိသိသာသာဈေးနှုန်းမြင့်တက်လာနိုင်သည်။ သို့သော် အဆိုပါ နိုင်ငံ၏ နိုင်ငံခြားပို့ကုန် ဈေးနှုန်းများ ကျဆင်းလာလိမ့်မည်။ နိုင်ငံရပ်ခြားစားသုံးသူများအတွက် ဈေးနှုန်းသက်သာရာရစေ၏။ ဥပမာအားဖြင့် မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း ဒေါ်လာနှင့် ကျပ်ငွေလဲနှုန်း ကျပ် ၂၀၀၀ ဖြစ်နေရာမှ ကျပ် ၃၀၀၀ သို့မြင့်တက်လာသည်ဆိုပါစို့။ တစ်ဒေါ်လာတန် သွင်းကုန်ပစ္စည်းကို ပြည်တွင်း၌ ယခင် ကျပ်၂၀၀၀ ဖြင့်ဝယ်ယူနိုင်ရာမှ ကျပ် ၃၀၀၀ ဈေးနှုန်း အမြင့်ဖြင့် ဝယ်ယူကြရလိမ့်မည်။ ပြည်တွင်း၌ သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာမည်။

ပို့ကုန်ကဏ္ဍမှကြည့်လျှင် ပြောင်းပြန်သက်ရောက်မှုကို တွေ့ရလိမ့်မည်။ ယခင်က ကျပ် ၂၀၀၀ တန် ကုန်ပစ္စည်းတစ်ခုတင်ပို့မှုအတွက် တစ်ဒေါ်လာရနေရာမှ (ငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၃၀၀၀ မြင့်တက်လာသဖြင့်) ယခုအချိန်တွင် တစ်ဒေါ်လာအပြည့်မရနိုင်၊ တစ်ဒေါ်လာအောက် ငွေပမာဏသာ ရရှိတော့မည်။ နိုင်ငံရပ်ခြားစားသုံးသူများအတွက် ယခင်ကထက်ပို၍ ဈေးနှုန်းသက်သာလာသဖြင့် ပို့ကုန်ဝယ်လိုအားမှာ ယခင်ကထက် ပိုမိုမြင့်တက်လာနိုင်သည်။ (ပို့ကုန်သမားများအနေဖြင့် နိုင်ငံရပ်ခြား ပို့ကုန်ဈေးကွက်မှ မြင့်တက်လာသည့် ဝယ်လိုအားပမာဏကို အမီလိုက်၍ ထုတ်လုပ်နိုင်ရန်လိုသည်။) ထိုသို့ နိုင်ငံရပ်ခြားသို့ တင်ပို့မည့်ကုန်စည် (ပို့ကုန်) များ ဈေးနှုန်းကျဆင်းလာခြင်းကို နိုင်ငံတကာဈေးကွက်အတွင်း ပို့ကုန်ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်လာခြင်းဟု ဆိုသည်။

ထို့ကြောင့် ပြည်တွင်းသုံးငွေတန်ဖိုး ကျဆင်းနေသည့် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံခြားမှဝယ်ယူရသည့် သွင်းကုန်ဈေးနှုန်းများ ကြီးမြင့်လာနိုင်ပြီး အဆိုပါနိုင်ငံမှ နိုင်ငံခြားသို့တင်ပို့ရောင်းချသည့် ပို့ကုန်ပစ္စည်းများ ဈေးနှုန်းများကျဆင်းလာနိုင်သည်။ ပို့ကုန်ဈေးနှုန်းများ ကျဆင်း၍ ပို့ကုန်ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်းများ အားကောင်းလာချိန်တွင် မြင့်တက်လာနိုင်သည့် ဈေးကွက်ဝယ်လိုအားပမာဏကို အမီလိုက်၍ ထုတ်လုပ်ပေးနိုင်စွမ်းရှိရန်မှာ အရေးကြီး၏။ အခြားသော ထုတ်ကုန်တူ ပြိုင်ဘက်နိုင်ငံများလည်း ရှိလာနိုင်သဖြင့် ပို၍အရည်အသွေးကောင်းသည့် ထုတ်ကုန်ကို ဈေးနှုန်းသက်သာစွာထုတ်လုပ်ရောင်းချနိုင်ရန်လည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။

ထို့ကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများတွင် ပို့ကုန်ကဏ္ဍ အထောက်အကူဖြစ်စေသည့် ပို့ကုန်ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်း ရှိလာနိုင်မည်ဖြစ်သဖြင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးမှုကို အကျိုးရှိရှိဖြစ်ထွန်းစေရန် အချိန်ယူ၍ ထိထိရောက်ရောက်ဆောင်ရွက်သင့်သည်ဟု ပညာရှင်များက ထောက်ပြကြခြင်းဖြစ်သည်။

**"ကုန်သွယ်မှုလိုငွေ၏ သေချာသောသက်ရောက်မှုမှာ နိုင်ငံခြားငွေလဲလှယ်ရာတွင် ပြည်တွင်းငွေကြေးတန်ဖိုး ကျဆင်းလာခြင်းဖြစ်သည်။ ပြည်တွင်းငွေတန်ဖိုး ကျဆင်းလာလျှင် ပြည်တွင်းကုန်ဈေးနှုန်းမြင့်တက်ကာ ငွေကြေးဖောင်းပွမှုများ ဖြစ်လာနိုင်သည်။ ပြည်တွင်းစားသုံးသူများအပေါ် ကုန်ဈေးနှုန်းဝန်ထုပ်ပိလာနိုင်သည်။ သွင်းကုန်တင်သွင်းသူများ ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်လာရနိုင်"**

## ကုန်သွယ်မှုလိုငွေနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဆက်စပ်မှုရှိသည်

ကုန်သွယ်မှုလိုငွေသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) နှင့် ယေဘုယျအားဖြင့် ဆက်စပ်မှုရှိနိုင်သည်ဟု လေ့လာမှုအချို့ရှိသော်လည်း သိသိသာသာနှင့် ထင်ထင်ရှားရှား ဆက်စပ်မှုမရှိဟုဆိုသူများလည်းရှိသည်။ အဆိုပါအခြေအနေနှစ်ရပ်ကြား ဆက်စပ်မှုနှင့်ပတ်သက်၍ သုတေသီများ၏ စိတ်ဝင်စားစရာကောင်းသော လေ့လာမှုများစွာ မတွေ့ရပေ။ သုတေသီအချို့၏ တွေ့ရှိချက်များအရမူ ကုန်သွယ်မှုနှင့် FDI စီးဝင်မှုတို့မှာ အခြေအနေတစ်ရပ်၌ ဆက်စပ်မှုရှိနေနိုင်သော်လည်း နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု၊ FDI လုပ်ငန်း အမျိုးအစားများအပေါ် မူတည်၍ ဆက်စပ်မှုအမျိုးမျိုးဖြစ်နိုင်သည်ဟု ကောက်ချက်ချကြသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) ပြုလုပ်သူများအနေဖြင့် ၎င်းတို့ရင်းနှီးမြှုပ်နှံမည့် နိုင်ငံများ၏ အခြေအနေအရပ်ရပ်ကို အလေးအနက်ထား စောင့်ကြည့်လေ့လာတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် FDI ( စာချုပ်စာတမ်းများ အသုံးပြု ရင်းနှီးမြှုပ်နှံရသည့် ပေါ့ဖိုလီယိုရင်းနှီးမြှုပ်နှံမှုများနှင့်ယှဉ်ပါက) ရင်းနှီးမြှုပ်နှံသူများအတွက် ဆုံးဖြတ်ချက် အပြောင်းအလဲလုပ်ရာတွင် ခက်ခဲမှုရှိသောကြောင့်ပင်။ ဆိုလိုသည်မှာ ၎င်းတို့ FDI ပြုလုပ်ထားသည့်နိုင်ငံမှ အခြေအနေအရပြန်လည်ထွက်ခွာချင်သည့်အခါ အလွယ်တကူ၊ မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်ရန် မဖြစ်နိုင်သောကြောင့်ဖြစ်သည်။

FDI ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတွင်းရှိ သွင်းအားစုမျိုးစုံတို့၏ ကုန်ကျစရိတ်အခြေအနေများ၊ အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှု ရှိ/ မရှိ၊ ပြည်တွင်းဈေးကွက် အလားအလာ၊ သဘာဝသယံဇာတနှင့် နည်းပညာပိုင်ဆိုင်မှု၊ မိမိနှင့် ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ အနေအထား၊ အမြတ်အစွန်းစီမံခန့်ခွဲနိုင်မှု၊ အလွယ်တကူ ဝင်ထွက်နိုင်မှု စသည့်အခြေအနေများ၊ အစိုးရကျင့်သုံးနေသည့်ဆက်စပ်မူဝါဒများ၊ နိုင်ငံတွင်းရှိ လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကိုပါ အကဲဖြတ်လေ့လာတတ်ကြသည်။ စီးပွားရေးပိတ်ဆို့ခြင်းခံထားရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်နေပါက စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့ပေးနိုင်ခြေများနှင့် ပြည်တွင်းရှိ အင်စတီကျူးရှင်းများ၏ အခြေအနေများကို ထည့်သွင်းစဉ်းစားတတ်ကြသည်။

## သုံးသပ်ချက်

ကုန်သွယ်မှုလိုငွေ၏ သေချာသောသက်ရောက်မှုမှာ နိုင်ငံခြားငွေလဲလှယ်ရာတွင် ပြည်တွင်းငွေကြေးတန်ဖိုး ကျဆင်းလာခြင်းဖြစ်သည်။ ပြည်တွင်းငွေတန်ဖိုး ကျဆင်းလာလျှင် ပြည်တွင်းကုန်ဈေးနှုန်းမြင့်တက်ကာ ငွေကြေးဖောင်းပွမှုများ ဖြစ်လာနိုင်သည်။ ပြည်တွင်းစားသုံးသူများအပေါ် ကုန်ဈေးနှုန်းဝန်ထုပ်ပိလာနိုင်သည်။ သွင်းကုန်တင်သွင်းသူများ ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်လာရနိုင်သည်။

နိုင်ငံတွင်းမှတင်ပို့သည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာနိုင်သဖြင့် နိုင်ငံတကာ ဈေးကွက်ထဲတွင် ပို့ကုန်ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းတက်လာနိုင်သည်။ ထိုအခါ ပို့ကုန်များအပေါ် ဝယ်လိုအား မြင့်တက်လာနိုင်ဖွယ်ရှိသောကြောင့် ပို့ကုန်သမားများအတွက် အခြေအနေကောင်းဖြစ်လာနိုင်သည်။ ပို့ကုန်ကဏ္ဍဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုနိုင်ပါသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ကုန်သွယ်မှုလိုငွေသည် ကြုံတွေ့ရလေ့ရှိသော အခြေအနေတစ်ရပ်ဖြစ်၏။ ကုန်သွယ်မှုလိုငွေပြတိုင်း ပူပန်သောကဖြစ်ရမည့် အခြေအနေမဟုတ်။ ကုန်သွယ်မှုလိုငွေဖြစ်စေသည့် အကြောင်းတရားကို လေ့လာရန်လိုသည်။ သွင်းကုန်များကိုအားပြု၍ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးအတွက် ဆောင်ရွက်နေရသဖြင့် ကုန်သွယ်မှုလိုငွေပြခြင်းလည်းဖြစ်နိုင်သဖြင့် အချိန်အတိုင်းအတာတစ်ခုအလွန်တွင် ပို့ကုန်ကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာနိုင်ပါသည်။

သို့သော် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးလာမည့် အလားအလာကိုမမြင်ရဘဲ အချိန်ကာလကြာမြင့်စွာ ကုန်သွယ်မှုလိုငွေပြမှု (Persistent Deficit of Trade Balance) ဆက်တိုက်ဖြစ်နေခဲ့လျှင်သာ စိုးရိမ်ရပေလိမ့်မည်။ ကာလရှည် ကုန်သွယ်မှုလိုငွေပြမှုသည် တဖြည်းဖြည်းနှင့် စီးပွားရေးကဏ္ဍများအားလုံးကို တစ်နွယ်ငင် တစ်စင်ပါ ထိခိုက်မှုများရှိလာနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်တွင်းငွေတန်ဖိုးကျဆင်းနေချိန် ( နိုင်ငံခြားငွေလဲနှုန်း မြင့်တက်နေချိန်)တွင် ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စနစ်တကျပြင်ဆင်သင့်ပါသည်။ မိမိတို့နိုင်ငံ၏ နှိုင်းယှဉ်အားသာချက်ရှိသော ထုတ်ကုန်သစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရှာဖွေရေး စသဖြင့် ရောင်းလိုအား ကွင်းဆက်တစ်လျှောက်လုံးကို ထိထိရောက်ရောက် ပံ့ပိုးနိုင်ရေး ပြင်ဆင်ခြင်းတို့ကို စီမံချက်ချဆောင်ရွက်သင့်ပါသည်။

ကုန်သွယ်မှုလိုငွေကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်တွင် စိန်ခေါ်မှုနှင့်အတူ အခွင့်အလမ်းများပါတွဲလျက်ရှိနေသဖြင့် စိန်ခေါ်မှုများကိုရင်ဆိုင်ရင်း အခွင့်အလမ်းများကို လက်ဆုပ်လက်ကိုင်ရရှိရေးအတွက် ပို့ကုန်ကဏ္ဍ၏အခြေအနေအရပ်ရပ်ကိုလေ့လာအကဲခတ်လျက် ဘက်စုံ၊ ထောင့်စုံ ကဏ္ဍစုံ အချိတ်အဆက်မိမိဖြင့် အချိန်ယူအားထုတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မကွေးမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မကွေး  ဩဂုတ်  ၂၃

"လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေးမြှင့်တင်စို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အထက(ခွဲ) ဆားစည်မှ ကျောင်းသား ကျောင်းသူများက အဓိကမြော်တွေး ကျန်းမာရေး တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် ဗီဒီယိုကလစ်ကို ပြသပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။




ထို့နောက် ကျောင်းသား ကျောင်းသူများက ကျန်းမာရေးဆိုင်ရာ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ရာ အထက(၁)မကွေးမှ ကျောင်းသား ကျောင်းသူများက စုံအောင်စားကြစို့၊ အလက - လေ့ကျင့်ရေးကျောင်းမှ ကျောင်းသား ကျောင်းသူများက လက်ဆေးကြပါစို့၊ အထက(၂)မကွေးမှ ကျောင်းသား ကျောင်းသူများက တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်းသီချင်းများဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါခန်းမအတွင်း အခြေခံပညာကျောင်းများမှ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုဆိုင်ရာ ခင်းကျင်းပြသထားမှုနှင့် ကျောင်းကျန်းမာရေးဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**



# နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာစုစုပေါင်း ၃၉ ဦးတို့အား ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၄ ဦးကို သွေးအမျိုးအစားစစ်ဆေးပေးခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦးကို ငှက်ဖျားရောဂါပိုး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသူ ၃၂ ဦးတို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နောင်ချိုမြို့နယ်၌ အသက် ၁၅ နှစ်အောက်ကလေးများအား အမီလိုက်နည်းလမ်းဖြင့် လိုအပ်သောကာကွယ်ဆေး ထိုးနှံတိုက်ကျွေးလျက်ရှိ

**နောင်ချို  ဩဂုတ်  ၂၃**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ပဏာမ ကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိ ကျေးလက် ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၀ ကို ပြန်လည်ဖွင့်လှစ်ထားပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်း ကျန်းမာရေးလုပ်ငန်း၊ အသက် ငါးနှစ်အောက်နှင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားနိုင်ခြေများပြီး အစုအဝေးဖြင့်နေထိုင်သောနေရာများမှ အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများမရရှိခဲ့သည့် အသက် ၁၅ နှစ်အောက်ကလေးများအား အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း (Special Immunization Activities) အမီလိုက် (Big Catchupနည်းလမ်းဖြင့် ထိုးနှံတိုက်ကျွေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂၂ ရက်အထိ နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူစုစုပေါင်း ၁၀၃၁ ဦးကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသက် ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ် အသက် ၁၅ နှစ်အောက်ကလေး ၁၆၀၀ အား လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံ တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ပြည်မြို့နယ်၌ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

ပြည်  ဩဂုတ်  ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မိခင်ကလေးကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ တိုက်နယ်/ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ အပတ်စဉ် တနင်္လာနေ့တိုင်း ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ အိတ်ချ်အိုင်ဗွီနှင့်ဆစ်ဖလစ်ရောဂါများကို သွေးဖောက်စစ်ဆေးပေးခြင်း၊ သန်ချဆေးနှင့် သံဓာတ်အားဆေးများပေးခြင်းနှင့် အရည်အသွေးပြည့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ရှစ်ကြိမ် ပြည့်ဝစေရန်နှင့် ကျွမ်းကျင်သူများနှင့် မွေးဖွားရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိကာ သက်ဆိုင်ရာတာဝန်ခံဆရာဝန်များနှင့် ကြီးကြပ်သူများကလည်း လိုအပ်သည့်ကျန်းမာရေးဆိုင်ရာများကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဟဲဟိုးအင်းခေါင်းဆည် ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



တောင်ကြီး ဩဂုတ် ၂၃

ဖူဆယ်အားကစားနည်းအပေါ် မျိုးဆက်သစ်လူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်၊ ဖူဆယ်အားကစားနည်း ပြန့်ပွားလာစေရန်၊ မြန်မာ့ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက်အားကစားနှင့်ကာယပညာဦးစီးဌာနက တောင်ကြီးမြို့နယ် ရွှေညောင်မြို့တွင် ဖူဆယ်ကွင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖူဆယ်ကွင်းဆောင်ရွက်မည့်နေရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊သက်ဆိုင်ရာပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၈ နာရီခွဲတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖူဆယ်ကွင်းဆောင်ရွက်မည်ဆိုပါက ဖူဆယ်ကွင်း၏ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စနစ်တကျဖြစ်စေရန် ကွင်းမြေနေရာကို ပြန်လည်တိုင်းတာ၍ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ကလောခရိုင် ဟဲဟိုးမြို့ ဟဲဟိုးအင်းခေါင်းဆည် ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ရေထွက်နယ်နိမိတ်၊ ဧရိယာကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းပေးကြရန် မှာကြားကာ ဟဲဟိုးအင်းခေါင်းဆည်ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အင်းခေါင်းဆည်(ဟဲဟိုးကန်)အနီး စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ခင်း ၁ ဒသမ ဝဝ ဧကနှင့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၊ ရွှေရင်အေး (၁ဝ ဒသမ ဝဝ)ဧက စိုက်ပျိုးထားရှိမှုတို့ကိုလည်းကောင်း၊ ဟဲဟိုးလေယာဉ်ကွင်း၌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ အစီအစဉ်ဖြင့် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဒေသရှိ တောင်ကတုံးများပေါ်သို့ ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုသည်။

အင်းလေးကန် ရေဝေရေလဲဒေသ တောင်ကတုံးများတွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချစိုက်ပျိုးရာတွင် အင်းလေးဒေသ အင်ကြင်းကုန်းကျေးရွာနှင့် ထီးလှိုင်ကျေးရွာအနီးရှိ တောင်ကုန်းများပေါ်သို့ အော်ရီရှားသစ်စေ့မြေလုံး သုံးသောင်း၊ ဘောစကိုင်းသစ်စေ့မြေလုံး တစ်သိန်းခြောက်သောင်း၊ သဘော်ကုက္ကိုသစ်စေ့မြေလုံး တစ်သောင်း စုစုပေါင်း သစ်စေ့မြေလုံး နှစ်သိန်း ကြဲချစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## စက်ချုပ်သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်း အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁ဝ နာရီတွင် ပြင်ဦးလွင်မြို့နယ် လက်ပံကုန်း(မ) စံပြကျေးရွာရှိ ခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က စီမံကိန်းနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အခြေခံနှင့် မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲတွင် ထူးချွန်သင်တန်းသူ ငါးဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး ဆုရသင်တန်းသူများအား ထူးချွန်ဆုများ ချီးမြှင့်သည်။ ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်က သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးသို့သွားရောက်စစ်ဆေးသည်။

ထို့နောက် ဗဟိုသိုလှောင်ရုံ(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေးပြီး ဘေးဒုက္ခ ခံစားသူများအား ထောက်ပံ့မည့် ပစ္စည်းများဖြစ်သဖြင့် သိုလှောင်ရုံလက်စွဲနှင့်အညီ စနစ်တကျထိန်းသိမ်းထုတ်ပေးရေး အသင့်ပြင်ထားရန် မှာကြားသည်။

ယင်းနောက် ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၌ မျက်မမြင်ကျောင်းသား ကျောင်းသူများအား စာပေသင်ကြားနေမှု၊ မျက်မမြင်ပုံနှိပ်စာအုပ် ထုတ်လုပ်နေမှု၊ Audio Book အတွက် အသံဖမ်းခန်းနှင့် သက်မွေးပညာသင်ခန်းများဖြစ်သည့် ကြိမ်ထိုးလုပ်ငန်း၊ အနှိပ်လုပ်ငန်းများကို ကြည့်ရှုအားပေး၍ မျက်မမြင်ကျောင်းသားကျောင်းသူများက အနောက်တိုင်းတီးဝိုင်းဖြင့် တီးခတ်သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ရန်ကုန်)ရှိ ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးပြီး မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ကြီးဌာန၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)ကို လှည့်လည်ကြည့်ရှု၍ သင်တန်းသားများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးမြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

ပဲခူး ဩဂုတ် ၂၃

ပဲခူးမြို့နယ်တွင် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်



ပိုင်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးမြင့်သူက မီးလောင်မှုပုံစံအမျိုးမျိုး၊ မီးငြိမ်းသတ်ရာတွင် မီးလောင်မှုအမျိုးအစားအလိုက် အသုံးပြုရသည့် မီးငြိမ်းသတ်အထောက်အကူပြုပစ္စည်းများ၊ မီးလောင်မှုကိုအားပေးသည့် အဓိကအကြောင်းအရာများနှင့် မီးဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက ဆက်သွယ်အကြောင်းကြားရမည့် ဖုန်းနံပါတ်များ စသည်တို့ကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မီးငြိမ်းသတ်အထောက်အကူပြုပစ္စည်းများ၊ မီးသတ်ပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ လက်တွေ့အသုံးပြုဆောင်ရွက်မှုများကို ကျောင်းသား ကျောင်းသူများနှင့်အတူ ဆောင်ရွက်ကြကြောင်း သိရသည်။

နေမျိုးအောင်

# ဒေါပုံမြို့နယ်၌ လှျပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော



ဒေါပုံ ဩဂုတ် ၂၃

ရန်ကုန်မြို့ ဒေါပုံမြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရိုက်ကူးတင်ဆက်သည့် “ပြုံးပျော်နိုင်ဖို့” ဗီဒီယိုကို ဖွင့်လှစ်ပြသပြီး ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးကျော်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောရာ ဓာတ်အားလိုင်းများအကြောင်း သိကောင်းစရာများ၊ လျှပ်စစ်ကို စနစ်တကျသုံးစွဲတတ်စေရေးနှင့် ဓာတ်လိုက်မှုနှင့် မီးလောင်မှု ဖြစ်ပွားနိုင်သည့် အကြောင်းရင်းများကို ဟောပြောသည်။

ထို့နောက် ဒေါပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထူးထက်က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသိန်းအောင်က နိုင်ငံအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးရေးစက်ရုံများ၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုများနှင့် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးဆောင်ရွက်နေမှုများအကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ် သတိပြုပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)



# တိုင်းဒေသကြီးဝန်ကြီးချုပ် ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်

ပုသိမ် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲယာများ သန့်ရှင်းသာယာလှပရေး တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ရွှေစည်းခုံဘုရားလမ်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပုသိမ်မြို့နယ် ကြခတ်ချောင်ကျေးရွာတောင်သူ ဦးငွေးလွင်၏ စိုက်ကေ ငါးကေ၌ အောင်နိုင်တိုးစပါးမျိုးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ထောက်ပံ့ငွေများပေးအပ်ကာ ယာယီနေရပ်စွန့်ခွာပြည်သူများအား လူဦးရေစာရင်းကောက်ယူခြင်းနှင့် ထောက်ပံ့ငွေပေးအပ်နေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃)ဖြင့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနေမှု၊ မဲစာရင်းပြုစုရာတွင်အခြေခံသည့် လူဦးရေစာရင်းအချက်အလက်များ မှန်ကန်မှုရှိစေရေး ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုသိမ်မြို့ ရွှေမြင့်မိုရ်စက်မှုလုပ်ငန်းသို့သွားရောက်၍ မျိုးစေ့ချကိရိယာများ တပ်ဆင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသနှင့်ကိုက်ညီသည့် အရည်အသွေးကောင်းမွန်သော မျိုးစေ့ချကိရိယာများ ထုတ်လုပ်နိုင်ရေး မှာကြားသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# မွန်ပြည်နယ်တရားလွှတ်တော်တွင် (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

မော်လမြိုင် ဩဂုတ် ၂၃

ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ဩဂုတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



ထပ်ဆင့် ရှင်းလင်းပွဲတွင် မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်ငွေးမြင့်အေးက (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်မှာကြားချက်များ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချမှတ်ထားသော ဦးတည်ချက် (၄) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရာထမ်း အမှုထမ်းများအားလုံး ကျရာကဏ္ဍမှပူးပေါင်းဆောင်ရွက်ပေးကြရန် ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများက ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များ၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ဓနုဖြူမြို့၌ အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး



ဓနုဖြူ ဩဂုတ် ၂၃

ဧရာဝတီတိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်း ဦးဆောင်သည့်အဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ဓနုဖြူမြို့ ရေတွင်းကုန်းကျေးရွာ အုပ်စု အောင်ချမ်းသာ ဘုန်းတော်ကြီး သင်ပညာရေး(ပရဟိတ) ကျောင်း၌ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်းက တရားမဝင်လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိန်းမှု၊ သွေးဆောင်ဖြားယောင်း ခိုးယူမှုများကို ကာကွယ်စောင့်ရှောက်ရန် အသိပညာပေး ဟောပြောသည်။ ထို့နောက် တာဝန်ရှိသူများက လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် နံရံကပ်ပိုစတာများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

“လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”

# ဟင်္သာတမြို့နယ်၌ ဆန်စက်များ မီးဘေးအန္တရာယ်ကာကွယ်ရေးစစ်ဆေး

ဟင်္သာတ ဩဂုတ် ၂၃

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း ဆန်စက်များစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းတို့ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဟင်္သာတမြို့နယ် မီးသတ်ဦးစီးမှူး ဦးဥက္ကာ ဦးဆောင်၍ သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိဆန်စက်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးသည်။ထို့နောက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာများကို ဆန်စက်လုပ်သား ဝန်ထမ်းများအား အသိပညာပေးဟောပြောသည်။



ယင်းနောက် မြို့နယ်သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များက လျှပ်စစ်မီးသွယ်တန်းမှု စနစ်တကျ ရှိ/မရှိ၊ ဆန်စက်များ မီးဘေးလုံခြုံရေးအတွက် ပတ်ဝန်းကျင်ရှိ လောင်စာအမှိုက်များ ရှင်းလင်းထားရန်၊ ခွင့်ပြုချက်မရှိဘဲ လောင်စာဆီများ သိုလှောင်ခြင်း မပြုရန်၊ မီးငြိမ်းသတ်ရေးအတွက် မီးငြိမ်းသတ်ရေးပစ္စည်းများ စနစ်တကျထားရှိရန်၊ ရေရရှိရေး အလေးထား ဆောင်ရွက်ရန်၊ မီးကြွင်းမီးကျန် ဂရုပြုရန်နှင့် ဆန်စက် လုပ်သားများအား လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရေဦးသာ**

# အကျိုးဆောင်တောင်သူများအား သဘာဝမြေဩဇာပေးအပ်ချီးမြှင့်

မြိတ် ဩဂုတ် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရန် ဆောင်ရွက်မည့် အကျိုးဆောင်တောင်သူများ သဘာဝမြေဩဇာပေးအပ်ချီးမြှင့်ခြင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာရောနှော၍ အချိန်မှန်အချိုးကိုက် ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာရှိ စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာ (ကျွဲကူး)၌ ကျင်းပသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသဝမ်းစာဖူလုံမှုမရှိသေးသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်တွင် ဒေသဝမ်းစာဖူလုံရေးအတွက် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မြိတ်ခရိုင်အနေဖြင့် ဒေသဝမ်းစာဖူလုံမှု ၈၄ ဒသမ ၆၁ ရာခိုင်နှုန်းသာရှိသည့်အတွက် မြို့နယ်အလိုက် ဖူလုံမှုရာခိုင်နှုန်းတိုးတက်ရရှိမှသာလျှင် ခရိုင်တစ်ခုလုံး၏ ဒေသဝမ်းစာဖူလုံမှုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အကျိုးဆောင်တောင်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သဘာဝမြေဩဇာများပေးအပ်ပြီး မိုးစပါးစိုက်ခင်းတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက်၊ အချိုးကျရောနှောကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ကျော်အောင်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာန



ဆိုင်ရာများ၊ မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စန္ဒဝတ်၊ ကျောက်ဖျာ၊ ဝန်ဖို၊ ကဘင်း၊ ကျွဲကူးစသည့် ကျေးရွာတို့မှ ဒေသခံ အကျိုးဆောင်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# သုတေသနပြုဆောင်ရွက်ထားရှိသည့် ယာစပါးမျိုးလိုင်းသစ်များ အောင်မြင်ဖြစ်ထွန်း



နေပြည်တော် ဩဂုတ် ၂၃

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များအား ရင်ဆိုင်နိုင်စွမ်းရှိသည့် မြေပြန့်ယာစပါး အထွက်နှုန်းအမြင့်ဆုံးမျိုးများ၊ စိုက်နည်းစနစ်များ၊ အထွက်တိုးနည်းလမ်းများနှင့် မျိုးလိုင်းအသစ် မွေးမြူထုတ်လုပ်မှုများကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပညာရှင်များက သုတေသနပြုဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ယနေ့နံနက်ပိုင်းက မြေပြန့်ယာစပါးမျိုးလိုင်းသစ်များ၏ လိုင်းအလိုက် အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အကြိမ် (၈၀)မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒုတိယအထွေထွေမန်နေဂျာက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သမိုင်းကြောင်း၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဥပဒေ၊ နည်းဥပဒေများ၊ ချေးငွေထုတ်ချေးမှု၊ ချေးငွေအမျိုးအစားများ၊ စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းပြောင်းလဲလာခြင်းတို့ကို တင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

အဆိုပါ တောင်သူနည်းပညာပေးဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ပညာရှင်နှင့် သုတေသီများ၊ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပညာရှင်နှင့်တောင်သူများက zoon point ၁၀၀ မှ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ရွှေပြည်သာမြို့နယ်၌ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်အသုံးပြုနည်း ကွင်းသရုပ်ပြ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၂)ရပ်ကွက် ရှင်းလင်းဆောင်လမ်းတွင် မိုးစပါးပန်းတိုင်အထွက်နှုန်း တိုးတက်ရေးအတွက် တောင်သူများအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်အသုံးပြုနည်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကွင်းရှေ့ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးလွင်က မိုးစပါးအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာရောစပ်အသုံးပြုနည်းများကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာလက်တွေ့ရောစပ်နည်းကို သရုပ်ပြခဲ့ပြီး တောင်သူများက မိုးစပါးစိုက်ပျိုးထားရှိသည့် လယ်မြေများအတွင်း ကြဲပက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရွှေကျွန်းရောင်းဝယ်ရေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရွှေကျွန်းရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ငမိုးရိပ်ရပ်ကွက် အထက(ခွဲ-၁)ခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်း၏ဥက္ကဋ္ဌ ဦးထွန်းရွှေက အသင်း၏လုပ်ကိုင်မှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက အသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တစ်ဦးလျှင် အစုပေါ်အမြတ်ငွေကျပ် ၆၅၀၀၀ ကို အသင်းသား ၄၂၁ ဦး အတွက် စုစုပေါင်း ငွေကျပ် ၂၇၃၆၅၀၀၀ နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သဃ်န်းကျွန်း(ပြန်/ဆက်)



# ဝမ်းတွင်းမြို့နယ်၌ စပါးမျိုးစေ့ချစက်ဖြင့် မိုးစပါးပျိုးထောင်ခြင်း သရုပ်ပြပွဲကျင်းပ

ဝမ်းတွင်း ဩဂုတ် ၂၃

မန္တလေး တိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် စပါးမျိုးစေ့ချစက်ဖြင့် မိုးစပါးပျိုးထောင်ခြင်း သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက သပြေသာကျေးရွာရှိတောင်သူ ဦးထွန်းထွန်းဦး၏ လယ်မြေကေလေးကေတွင် ကျင်းပသည်။




သရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ထက်ဇော်က စပါးမျိုးစေ့ချစက်ဖြင့် စပါးပျိုးထောင်ခြင်း၏ အကျိုးကျေးဇူးများ၊ စက်မှုပိုင်းဆိုင်ရာ သိရှိနားလည်သင့်သည့် အချက်များနှင့် စပါးမျိုးစေ့ချစက်ဖြင့် ပျိုးထောင်ပြီးသော ပျိုးဗန်းများအား ထိန်းသိမ်းစောင့်ရှောက်ရမည့်အချက်များကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စပါးမျိုးစေ့ချစက်ဖြင့် မိုးစပါးပျိုးထောင်ခြင်းကို ကြည့်ရှုအားပေးခဲ့ပြီး ပြပွဲနှင့်အတူ ခင်းကျင်းပြသထားသည့် လက်စွဲမျိုးစေ့ချကိရိယာ၊ လက်စွဲကောက်စိုက်စက်နှင့် စပါးမျိုးစေ့ချကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဌေးလှိုင်(ဝမ်းတွင်း)



ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ ယင်းတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာအေးအေးကိုက စစ်တုရင်အရုပ်အားရွှေ့၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးစဉ်။ သန်းဝင်း(သန်လျင်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်

ဘားအံ ဩဂုတ် ၂၃

၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ် ဖွဲ့ကပင်အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် ကိုးယောက်တွဲပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသော အသင်းများက ပြန်လည်ဖျော်ဖြေတင်ဆက်ကြပြီး ကရင်ပြည်နယ် အမျိုးသမီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကိုလည်းကောင်း၊ သုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများကို လည်းကောင်း၊ ကိုးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော အသင်းကိုလည်းကောင်း တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။



ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကက အမျိုးသမီး ကိုးယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရဖာပွန်မြို့နယ်အသင်းကို တစ်ဦးချင်းလည်ဆွဲဆု၊ ဆုငွေကျပ် ငါးသိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမျိုးသမီး ကိုးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဘားအံမြို့နယ်အသင်းကို တစ်ဦးချင်း လည်ဆွဲဆု၊ ဆုငွေကျပ် ခုနစ်သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက် ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၈ အုပ်စုတို့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ ရှစ်ဖွဲ့ခွဲ၍ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် တရုတ်လှကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမနှင့် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် ရွှေယဉ်မျှော်ပြည်တော်စေတီတော်ရင်ပြင်တော်တို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး စမ်းသပ်ဆန္ဒမဲပေးခြင်းတို့ကို ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ မဲဆန္ဒရှင်ပြည်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဟိုပုံးမြို့နယ်၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်

ဟိုပုံး ဩဂုတ် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ U13/U17 အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းညွန့်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအားလိုက်လံနှုတ်ဆက်ကြကာ U17 အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

U13 အမျိုးသားဘောလုံးပြိုင်ပွဲကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ အသင်းပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ U17 အမျိုးသား ဘောလုံးပြိုင်ပွဲကို မြို့မအားကစားကွင်း၌ အခြေခံပညာကျောင်းများမှ အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)





## မအူပင်မြို့၌ ခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

မအူပင် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ခရိုင်အဆင့်အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မအူပင်မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များရှိ အခြေခံပညာကျောင်းများမှ လက်ရွေးစင်အမျိုးသားဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အဖွင့်ပွဲစဉ်အဖြစ် မအူပင်မြို့နယ်အသင်းနှင့် ညောင်တုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ခရိုင်ပညာရေးမှူး ဒေါက်တာသန္တာဆွေနှင့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များမှ ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ တာဝန်ရှိသူ ဆရာ ဆရာမများ၊ အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)တွင် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ မိုးရာသီ ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)တွင် ကျင်းပသည်။

### အနိုင်ရရှိ

ဦးစွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် BT အသင်းနှင့် ET အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေကျပြီး အနိုင်အရှုံးမပေါ်သည့်အတွက် ပင်နယ်တီကန်သွင်းရာ BT အသင်းက ET အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)မှ ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်က အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ မိုးရာသီအားကစားပြိုင်ပွဲအဖြစ် ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများနှင့် နေရာအလိုက် အကောင်းဆုံးရရှိသည့်အားကစားသမားများအား ကျောင်းအုပ်ဆရာကြီးနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများက ဆုများပေးအပ်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲများကို ဩဂုတ် ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ကြောင်းသိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## တန့်ယန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID ကတ် ကွင်းဆင်းဆောင်ရွက်

တန့်ယန်း ဩဂုတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များ၏ ပင်စင်လစာများ ထုတ်ယူရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ UID ဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၂၂ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးအမ်ဇော်နော်နှင့် ရုံးဝန်ထမ်းများက Smart Card မပြုလုပ်ရသေးသော အငြိမ်းစားများအား ကတ်များဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မင်းလွင်ဦး(တန့်ယန်း)

## စိတ်ကျန်းမာရေးဆိုင်ရာ ဖြေရှင်းပေးနိုင်မည့် Psychological First Aid Training သင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီ၏ ကျန်းမာရေးကော်မတီတို့ ပူးပေါင်းကျင်းပသည့် စိတ်ကျန်းမာရေးဆိုင်ရာ ဖြေရှင်းပေးနိုင်မည့် Psychological First Aid Training (PFA): Disaster Mental Health သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာခင်သန်းမွန်က မိတ်ဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Psychological First Aid Training (PFA) သင်တန်းအကြောင်း သရုပ်ဖော်တင်ဆက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဖြစ်မြောက်ရေး ကူညီပေးခဲ့သော ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီ၏ ကျန်းမာရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်အတွင်း နဝင်းချောင်းကမ်းပါးပြိုကျမှုနှင့် ရန်ကုန်-မန္တလေး ကားလမ်းတိုးချဲ့မှု ကြည့်ရှုစစ်ဆေး



**တပ်ကုန်း ဩဂုတ် ၂၃**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက မကျီးပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာအနီး နဝင်းချောင်းကမ်းပါးပြိုကျမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ညောင်ပင်သာကျေးရွာအတွင်း ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် အလျား ပေ ၁၀၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ရွာလယ်လမ်း ရိစာခင်းကျင်းမှုနှင့် ရွှံ့လျှားဆိုလာ ရေတင်စက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် Oriental Highway Company က BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်သော တပ်ကုန်းမြို့နယ်အတွင်း ရန်ကုန်-တောင်ငူ -မန္တလေးကားလမ်း မိုင်တိုင်အမှတ်၂၄၉/၂ မှ ၂၅၂/၂ အကြား ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံသို့ရောက်ရှိကာ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ရွှေအောင်နှင့် ဆရာဝန်များ၊ ဆရာ ဆရာမများအား တွေ့ဆုံ၍ ဆေးရုံအတွင်း အောက်စီဂျင်စက်ရုံ၊ လူနာစောင့်နားနေဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



## ရှာငံမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**တောင်ကြီး ဩဂုတ် ၂၃**

ရှမ်းပြည်နယ် တောင်ပိုင်း ရှာငံမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရှာငံမြို့ မြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကား ပြောကြား**

ဦးစွာ အသင်းစုဥက္ကဋ္ဌကအသင်း၏ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လမ်းညွှန်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး ရှာငံမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ အမှုဆောင်အဖွဲ့မှ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည်။

ထို့နောက် အမှုဆောင်သစ် ရွေးချယ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က ဆောင်ရွက်ပြီး အမှုဆောင်သစ်ရွေးချယ်ခဲ့ကာ မြို့နယ် သမဝါယမအသင်းစု လီမိတက် ဥက္ကဋ္ဌ အသစ်က မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ကျောက်တန်းမြို့နယ်၌ မုန့်လုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်တန်း ဩဂုတ် ၂၃**

ရန်ကုန်တိုင်း ဒေသကြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးဌာနမှ အသေးစား ကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုး စီမံကိန်းအစီအစဉ်ဖြင့် ကျောက်တန်းမြို့နယ်၌ မုန့်လုပ်နည်းပညာ သင်တန်းဆင်းပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက် Elibrary ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားကို ကျောက်တန်းမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းခန့်အောင်၊ အဖွဲ့ဝင်(၂) ဦးစိုးမြင့်ကျော်နှင့်တာဝန်ရှိသူများ၊ သန်လျင်ခရိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောက်တန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ယာယီဥက္ကဋ္ဌ ဒေါ်ခင်အေးညွန့်နှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၅ ဦးဖြင့် ဩဂုတ် ၄ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းမှထူးချွန်သူ ငါးဦးအား လုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## အုတ်တွင်းမြို့နယ်၌ ငှက်ဖျားရောဂါဆိုင်ရာ အသိပညာပေး



**အုတ်တွင်း ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ညောင်ခြေထောက်တိုက်နယ် ကျေးလက်ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်စိုးစိုးအေး ဦးဆောင်သော အဖွဲ့များက ညောင်ခြေထောက်ကျေးရွာအုပ်စု ပန်းအိုင်ကျေးရွာရှိပြည်သူများအား ငှက်ဖျားရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးပေးခြင်းကို ဩဂုတ် ၂၁ ရက်တွင် ဆောင်ရွက်ခဲ့သည်။

**အသိပညာပေး**

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဆရာမ ဒေါ်စိုးစိုးအေးက ငှက်ဖျားရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး ဒေသခံပြည်သူ ၆၃ ဦးအား ငှက်ဖျားရောဂါပိုး ရှိ၊ မရှိ သွေးဖောက်စစ်ဆေးရာ ငှက်ဖျားရောဂါပိုးတွေ့ရှိသူမရှိကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်တို့ တိုကျိုမြို့၌တွေ့ဆုံ



တိုကျို ဩဂုတ် ၂၃

ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်တို့ တိုကျိုမြို့၌ ယနေ့တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်တို့က ပိုမိုတည်ငြိမ်ပြီး အနာဂတ်အတွက် အလားအလာကောင်းမွန်သည့် ဆက်ဆံရေးတိုးတက်ရန် သဘောတူညီသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြသည်။

ဂျပန်နှင့်တောင်ကိုရီးယားတို့၏ တည်ငြိမ်သည့်ဖွံ့ဖြိုးတိုးတက်မှုသည် နှစ်နိုင်ငံစလုံးအတွက် သာမက ဒေသတွင်းတစ်ခုလုံးအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ပြောကြားသည်။ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့ကြား ပူးပေါင်းဆောင်ရွက်မှုကလည်း အလွန်အရေးကြီးကြောင်း အီရှီဘာက ဆက်လက်ပြောကြားသည်။

နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းခြင်းဖြင့် ခက်ခဲသောပြဿနာများကို ဖြေရှင်းရန်လိုအပ်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်တိုင်းတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်သည် ဇွန်လတွင် သမ္မတ ရာထူးတာဝန် စတင်ထမ်းဆောင်ပြီးနောက် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်သည်။ ခေါင်းဆောင်နှစ်ဦးက စီးပွားရေးနှင့် လူမှုဆက်ဆံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံအနေဖြင့် သက်ဆိုင်ရာနိုင်ငံသားများအား အလုပ်ပိတ်ရက်ဗီဇာ တစ်ကြိမ်ထက်ပို၍ ရရှိစေမည့် သဘောတူညီချက်တစ်ရပ်ကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံရင်ဆိုင်နေရသည့် လူဦးရေ လျင်မြန်စွာ ကျဆင်းမှုနှင့် ကလေးမွေးဖွားနှုန်း နည်းပါးခြင်းကဲ့သို့သော စိန်ခေါ်မှုများကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးက အမေရိကန်ပါဝင်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# သီရိလင်္ကာသမ္မတဟောင်း ရာနေးဝစ်ကရာမဆင်းဂေးကို နိုင်ငံပိုင်ဘဏ္ဍာငွေ အလွဲသုံးစားမှုဖြင့် ဖမ်းဆီး




ကိုလံဘို ဩဂုတ် ၂၃

သီရိလင်္ကာသမ္မတဟောင်း ရာနေး ဝစ်ကရာမဆင်းဂေးကို နိုင်ငံပိုင်ဘဏ္ဍာငွေ အလွဲသုံးစားမှု စွပ်စွဲချက်ဖြင့် ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာန (CID) မှ ယမန်နေ့တွင် ဖမ်းဆီးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြသည်။

ဝစ်ကရာမဆင်းဂေးက ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ၎င်း၏ သမ္မတရာထူးသက်တမ်းအတွင်း ဇနီးဖြစ်သူ၏ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လန်ဒန်မြို့သို့သွားရောက်ရာတွင် နိုင်ငံပိုင်ဘဏ္ဍာငွေများကို အလွဲသုံးစားမှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရကြောင်း ပြည်တွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

သမ္မတဟောင်း ဝစ်ကရာမဆင်းဂေးအား စုံစမ်းစစ်ဆေးမှုတစ်ရပ်အနေဖြင့် ၎င်း၏ကိုယ်ရေးကိုယ်တာအတွင်းရေးမှူးနှင့် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူတို့၏ ယခင်ပြောကြားချက်များကို စုံစမ်းစစ်ဆေးရေးမှူးများက မှတ်တမ်းတင်ခဲ့သည်။

**ဖမ်းဆီးထိန်းသိမ်း**

ဝစ်ကရာမဆင်းဂေးက ဩဂုတ် ၂၂ ရက်နံနက်ပိုင်းတွင် ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနသို့ လာရောက်ကာ ဝန်ခံပြောကြားပြီးနောက် ၎င်းအားဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

သီရိလင်္ကာသမိုင်းတွင် သမ္မတဟောင်းတစ်ဦး ပထမဆုံးအကြိမ် ဖမ်းဆီးခြင်းဖြစ်သည်။ သမ္မတဟောင်း ရာဂျာပတ်ဆာ နုတ်ထွက်ပြီးနောက် ပါလီမန်အမတ်များက ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ဝစ်ကရာမဆင်းဂေးအား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် ၎င်းရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံသို့ ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုပမာဏ ဇူလိုင်လအထိ လေးလဆက်တိုက်လျော့ကျ

တိုကျို ဩဂုတ် ၂၃

အမေရိကန်နိုင်ငံသို့ ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုပမာဏသည် ဇူလိုင်လအထိ လေးလဆက်တိုက်လျော့ကျခဲ့ကြောင်း သိရသည်။

အထူးသဖြင့် မော်တော်ကားကဏ္ဍတွင် သိသိသာသာလျော့ကျလျက်ရှိသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က စည်းကြပ်ခွန်များကောက်ခံမှုကြောင့် ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုပမာဏ လျော့ကျခြင်းဖြစ်သည်။

အမေရိကန်သို့ တင်ပို့မှုအားလုံး၏တန်ဖိုးသည် ယမန်နှစ် အလားတူကာလထက် ၁၀ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက ဩဂုတ် ၂၀ ရက်တွင် ကြေညာသည်။

အလားတူ မော်တော်ယာဉ်တင်ပို့မှုတန်ဖိုး ၂၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး မော်တော်ယာဉ်အစိတ်အပိုင်းတင်ပို့မှုမှာ ၁၇ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။

ဇူလိုင်လတွင် ဂျပန်နိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုးသည် ယန်း ၉ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၆၃ ဒသမ ၅ ဘီလီယံ) ခန့်ရှိပြီး ယခင်နှစ်ကထက် ၂ ဒသမ ၆ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

ဂျပန်နိုင်ငံသည် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၇၉၇ ဒသမ ၉ သန်းခန့်ရှိခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ၌ အငတ်ဘေးကြုံနေရကြောင်း ကုလသမဂ္ဂ အတည်ပြု

ဂါဇာစီးတီး ဩဂုတ် ၂၃

ဂါဇာကမ်းမြောင်ဒေသ၌ အငတ်ဘေးကြုံနေရကြောင်း ကုလသမဂ္ဂက ယမန်နေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

လာမည့်ဇွန်လတွင် အာဟာရအလွန်ချို့တဲ့မှုကြောင့် အသက်ငါးနှစ်အောက် ကလေး ၁၃၂၀၀၀ ထက်မနည်းသေဆုံးနိုင်ခြေရှိကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ကြေညာချက်ထုတ်ပြန်**

ဂါဇာမြို့တော်နှင့် ပတ်ဝန်းကျင်ဒေသများတွင် စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်ရပြီး အငတ်ဘေးကြုံတွေ့ရမှုသည် အခြားဒေသများသို့ ကူးစက်သွားနိုင်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ယမန်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဂါဇာဒေသရှိ နယ်စပ်ဒေသများတွင် စားနပ်ရိက္ခာများရောက်ရှိနေသော်လည်း အစ္စရေးတပ်ဖွဲ့၏တားဆီးမှုကြောင့် ဒေသတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိကြောင်းနှင့် အငတ်ဘေးဆိုက်ရောက်မှုကို အစ္စရေးခေါင်းဆောင်များက လက်နက်သဖွယ် အသုံးချနေကြောင်း ကုလသမဂ္ဂအရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး တွမ်ဖက်ချာက ပြောကြားသည်။

ဂါဇာဒေသတွင် အငတ်ဘေးဆိုက်ရောက်ခြင်းမရှိကြောင်းနှင့် ဟားမတ်စ်အဖွဲ့၏ လိမ်ညာပြောကြားချက်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဌာနက အခိုင်အမာပြောကြားသည်။

ထို့ပြင် မကြာသေးမီ ရက်သတ္တပတ်များအတွင်း စားနပ်ရိက္ခာအများအပြား ဝင်ရောက်လာခဲ့ကြောင်းလည်း ၎င်းက ပြောကြားသည်။

ဂါဇာဒေသ၌ အငတ်ဘေးကြုံနေရကြောင်း အတည်ပြုခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

အစာပြတ်လပ်မှုကြောင့် ကလေးငယ် ၁၁၂ ဦး အပါအဝင် လူ ၂၇၁ ဦး သေဆုံးခဲ့ကြောင်း ဂါဇာရှိ ဒေသဆိုင်ရာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အငတ်ဘေးသည် နိုင်ငံတကာ စားနပ်ရိက္ခာ မလုံခြုံမှု တိုင်းတာမှုအဆင့်တွင် အဆိုးရွားဆုံးအဆင့်ဖြစ်သည်။ အနည်းဆုံးအိမ်ထောင်စု ၂၀ ရာခိုင်နှုန်းသည် အလွန်အမင်းစားနပ်ရိက္ခာပြတ်လပ်မှုနှင့်ရင်ဆိုင်ရပြီး အနည်းဆုံးကလေး ၃၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုဒဏ်ကို ပြင်းထန်စွာခံစားနေရသည်။

အပစ်အခတ်ရပ်စဲရေးနှင့် လူသားချင်းစာနာမှုအကူအညီများ ဝင်ရောက်ခွင့်ပြုရန် ကန့်သတ်ချက်များကို ရုတ်သိမ်းပေးရန် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီမှ ကျန်းမာရေးဒါရိုက်တာ ဆီတာအာကီဟီရိုက ပြင်းပြင်းထန်ထန် တောင်းဆိုထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်အာဏာပိုင်များက နိုင်ငံခြားသား ၅၅ သန်းကျော်၏ မှတ်တမ်းများကို ပြန်လည်သုံးသပ်

ဝါရှင်တန် ဩဂုတ် ၂၃

အမေရိကန်ပြည်ထောင်စု၌ တရားဝင်နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသား ၅၅ သန်းကျော်၏ မှတ်တမ်းများကို အာဏာပိုင်များက ပြန်လည်သုံးသပ်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

အဆိုပါဗီဇာများတွင် နေ့ရက်ကျော်လွန်ခြင်း၊ ရာဇဝတ်မှုဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်း၊ အများပြည်သူလုံခြုံဘေးကင်းမှုကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ပုံစံလှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ပတ်သက်သည့် လက္ခဏာများကို တွေ့ရှိပါက ချက်ချင်းရုပ်သိမ်းမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံသားအဖြစ်ခံယူထားသည့် နိုင်ငံခြားသားများ၏ ဗီဇာများကိုလည်း ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါလက္ခဏာများကို တွေ့ရှိပါက ချက်ချင်းရုပ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် ကျောင်းသားဗီဇာ ၆၀၀၀ ကျော်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရမ့် အစိုးရလက်ထက်တွင် ယမန်နှစ် အလားတူကာလထက် ဗီဇာရုပ်သိမ်းမှုပေါင်း နှစ်ဆကျော်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်




နေပြည်တော် ဩဂုတ် ၂၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းယောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ၂၀ တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ပညာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မော်လမြိုင်မြို့၌ ဌာနဆိုင်ရာနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်

မြောင်းမြ ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ ရုံးဌာနများ၊ စာသင်ကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများ၌ ယနေ့နံနက်ပိုင်းက ပြည်သူများ၊ ဌာနဆိုင်ရာများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဦးဆောင်၍ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ စုပေါင်း၍ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူ့ဆေးရုံကြီး၊ စာသင်ကျောင်းများ၊ ဘုရားကျောင်းကန်စေတီပုထိုးများ၊ ဘုန်းကြီးကျောင်း၊ ဆေးရုံအထင်ကရနေရာများ၊ လမ်းဆုံများ၊ လမ်းဘေး သစ်ပင်သစ်ကိုင်းများ၊ ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြပြီး စည်ပင်သာယာရေးအဖွဲ့များက အမှိုက်သိမ်းကားများဖြင့် အမှိုက်များ သယ်ယူ၍ စနစ်တကျစွန့်ပစ်ကြကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

## ရေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော



ရေး ဩဂုတ် ၂၃

မွန်ပြည်နယ် ရေးမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ဩဂုတ် ၂၂ ရက်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းငွေအောင်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ သဘာဝဘေးအန္တရာယ် အမျိုးအစားများမှ မိုးရာသီကာလတွင် အများဆုံး ဖြစ်ပွားတတ်သည့် ရေဘေး အန္တရာယ်ဆိုင်ရာ ကြိုတင်သတိပြု ကာကွယ်လိုက်နာရမည့် အချက်များ၊ အလားတူ လျှပ်စစ်အန္တရာယ်ပြင်းအားများကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားတတ်၍ သတိပြုလိုက်နာရမည့် အချက်များ၊ လျှပ်စစ်ခတ်နေစဉ်ကာလ/လျှပ်စစ်ပြီး နောက်ပိုင်း ဆောင်ရွက်ရမည့် အချက်များ၊ အရေးပေါ် လိုအပ်မည့်ပစ္စည်းများ ကြိုတင် စုဆောင်းထားရမည့် အချက်များနှင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာချက်များအား အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

## သာယာဝတီမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနလုပ်ငန်းများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

သာယာဝတီ ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင်ဆရာဝန်နှင့် ဦးစီးအရာရှိများပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သာယာဝတီမြို့နယ် သစ်ရာကုန်းကျေးလက်ကျန်းမာရေးဌာနသို့ ကွင်းဆင်း၍ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများကို ဆွေးနွေးပြီး စာရင်းဇယားများထားရှိမှုနှင့် ဆေးနှင့်ဆေးပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို စစ်ဆေးကြီးကြပ်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






## ဒလမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID ကတ်များ ဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID ကတ်များ ဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်၌ဆောင်ရွက်ခဲ့ရာ တွံတေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

## စကုမြို့၌ ဓာတ်တိုင်များကြောင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေး သတိပေးရောင်ပြန်စတေကာကပ်



မင်းဘူး ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့၌ လမ်းသွားလမ်းလာပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးနှင့် လျှပ်စစ် ဓာတ်တိုင်များကြောင့် ယာဉ်ထိခိုက်မှု အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်ဓာတ်တိုင်များတွင် သတိပေးရောင်ပြန်စတေကာကပ်ခြင်း လုပ်ငန်းများကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းက မြို့ဧရိယာအတွင်း၌ ကွင်းဆင်း ဆောင်ရွက်သည်။

**အသိပညာပေး**

ထိုသို့ဆောင်ရွက်ရာတွင် စကုမြို့ လျှပ်စစ်မန်နေဂျာ ဦးဝေလင်းနိုင်နှင့် လျှပ်စစ်ဝန်ထမ်းများက မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလ စကုမြို့ဧရိယာအတွင်း မင်းဘူး-စကု-ပွင့်ဖြူ ကားလမ်းပိုင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ လမ်းဘေးဝဲ/ယာဓာတ်တိုင်များအား ယာဉ်အန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေး၊ လူထိခိုက်မှု အန္တရာယ်ဘေးမှ ကင်းဝေးစေရေး၊ ဒေသခံများနှင့် လမ်းအသုံးပြုသွားလာနေသော ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးတို့အတွက် စကုမြို့ လမ်းမကြီးတစ်လျှောက်နှင့် အန္တရာယ်အကွေ့များတွင် သတိပေးရောင်ပြန် စတေကာများကပ်ခြင်း လုပ်ငန်းများနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**


■

# အပူပိုင်းမုန်တိုင်း ကဂျိကိနှင့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်


နေပြည်တော် ဩဂုတ် ၂၃

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ကဂျိကိ"သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ် ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေ)တို့တွင် ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၈-၂၀၂၅ ရက်နေ့မှ ၂၇-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၈-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မြို့နယ်အချို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး



**သံဖြူဇရပ်မြို့နယ်**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးသရုပ်ပြသခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အမှတ်(၁)နှင့်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမတို့၌ ကျင်းပသည်။

ဦးစွာ သံဖြူဇရပ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဝင်းက မိတ်ဆက်စကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမြတ်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တွင် ပါဝင်သည့် စက်ပစ္စည်းများနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သံဖြူဇရပ်မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာ နှစ်ရွာမှ ပြည်သူတို့က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ် မဲပေးခြင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**လေးမျက်နှာမြို့နယ်**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးရွာအုပ်စုများတွင် မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဩဂုတ် ၂၀ ရက်မှစတင်၍ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဝေဖြိုးထက်နှင့် အဖွဲ့ဝင်တို့က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်ပတ်သက်၍ အသိပညာပေးပြောကြားသည်။ လေးမျက်နှာမြို့ရှိ မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်၊ ထိန်ငူကျေးရွာအုပ်စု၊ စာရေးကွင်းကျေးရွာအုပ်စု၊ ညောင်ပင်ဝဲကျေးရွာအုပ်စု၊ သခွတ်ချောင်းကျေးရွာအုပ်စု၊ လက်သမား(ကရင်)ကျေးရွာအုပ်စု၊ လက်သမား(မြန်မာ)ကျေးရွာအုပ်စု၊ အိုင်သပြုကျေးရွာအုပ်စုနှင့် သုံးဆက်ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူစုစုပေါင်း ၃၁၂၆ ဦးတို့အား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မိုးသက်ကို(ပြန်/ဆက်)





# ညောင်တုန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး

ညောင်တုန်း ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရွဲကျေးရွာရှိ အောင်နိုင်သစ္စာဆန်စက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမင်းသူ ဦးဆောင်၍ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆန်စက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ EV ကားနှင့်ပတ်သက်၍ ဗဟုသုတများကို ဆန်စက်လုပ်သားဝန်ထမ်းများအား အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံမှုရှိစေရေး၊ လျှပ်စစ်မီးသွယ်တန်းမှု စနစ်တကျ ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ အသင့်ထားရှိရန်နှင့် မီးသတ်ဆေးဘူးအသုံးပြုနည်း၊ အရေးပေါ်ထွက်ပေါက်များ ထားရှိရန်၊ မတော်တဆမီးလောင်မှုဖြစ်ပွားလာပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ထားရှိစေရေးတို့ကို အကြံပြုမှာကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်သင်း

# ကော့သောင်းမြို့၌ ရုရှားဘာသာစကားပြော (အခြေခံ) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ကော့သောင်း ဩဂုတ် ၂၃

ကော့သောင်းမြို့၌ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော ရုရှားဘာသာစကားပြော(အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့ Victoria Cliff Hotel (မင်္ဂလာခန်းမ)တွင် ကျင်းပသည်။ အခမ်းအနားသို့ စစ်ဗျူဟာအဖွဲ့အခြေချ(ကော့သောင်း)မှ စစ်ဗျူဟာမှူး၊ ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ရုရှားဘာသာစကားပြော(အခြေခံ) သင်တန်းဖွင့်လှစ်ခဲ့ခြင်းနှင့် ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများ၊ နည်းပြဆရာမနှင့် Victoria Cliff Hotel၊ Honey Bear Hotel များမှ တာဝန်ခံများအား တာဝန်ရှိသူများက ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရုရှားဘာသာစကားပြော(အခြေခံ) သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၂၂ ရက်အထိ သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာများ၊ လူငယ်လူရွယ်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၀ ကျော်တို့ တက်ရောက်ကာ သင်တန်းကာလ ငါးပတ်တာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း (၁-၈-၂၀၂၅ ရက်နေ့မှ ၁၅-၈-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | | နေပြည်တော် | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ | ဗိုလ်တစ်ထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ | အမရပူရမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | | ပဲခူးတိုင်းဒေသကြီး | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | | မကွေးတိုင်းဒေသကြီး | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | – | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| ၉ | | ကရင်ပြည်နယ် | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၀ | | မွန်ပြည်နယ် | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | | ရှမ်းပြည်နယ် | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | ကောင်းမွန် | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ကန်ကြီးထောင့်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများဆောင်ရွက်

ကန်ကြီးထောင့် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနကကြီးမှူး၍ ဒါးကကျေးရွာရှိ ရွှေဝါအောင်ဆန်စက်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက ဆန်စက်အတွင်းအသုံးပြုလျက်ရှိသော လျှပ်စစ်ပစ္စည်းများကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်း၊ ရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများ စစ်ဆေးခြင်း၊ လောင်စာပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ မီးသတ်ယာဉ်များ အလွယ်တကူဝင်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ဘေးပတ်ဝန်းကျင် မီးကူးစက်ပြန့်ပွားနိုင်ခြင်း ရှိ/မရှိ အခြေအနေများစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် မီးသတ်ဆေးဘူးထားရှိမှုအခြေအနေများ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်

တပ်ကုန်း ဩဂုတ် ၂၃

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်းတွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ငွေ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း ပြည်သာနိုင် ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်ငွေပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းပညာရေးငွေပဒေသာပင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ဆေး၊ ဆေးဘက်ဆိုင်ရာ၊ သွားဘက်ဆိုင်ရာ၊ နည်းပညာ၊ ပညာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေး တက္ကသိုလ်တို့၌ တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ ၁၃ ဦးအား နှစ်ဝက်စာအတွက် ငွေကျပ် ၄၅၅၀၀၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တောင်တွင်းကြီးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တောင်တွင်းကြီး ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မင်းကွန်းကျောင်းတိုက်ဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

### စုပေါင်းစိုက်ပျိုး

ဦးစွာ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီးကျော်သန်းဆွေက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမြင့်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဆွေ၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးထွန်းထွန်းဝင်းတို့က ဌာနဆိုင်ရာများထံသို့ ပျိုးပင်များပေးအပ်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တမာပင် ၁၀၀၊ ရေတမာပင် ၁၀၀၊ ယင်းမာပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ ဖျောက်ဆိပ်ပင် ၁၀၀ စသည့် ပျိုးပင်ပေါင်း ၅၀၀ ကို ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)

## ပင်လောင်းမြို့နယ် GEC (ပညာရေး) သမဝါယမ အသင်းသားအသင်းသူများ၏ တက္ကသိုလ်ဝင်တန်းအောင် သားသမီးများအား ဂုဏ်ပြုချီးမြှင့်

ပင်လောင်း ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် GEC(ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ပင်လောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် GEC (ပညာရေး) သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ သဘာပတိ မြို့နယ်ပညာရေးမှူး ဦးတင်ငွေက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမြင့်နှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းနော်ခမ်းတို့က သမဝါယမဆိုင်ရာလုပ်ငန်းများ၊ အသင်းလီမိတက် အတွင်းရေးမှူး ဒေါ်နော်ခင်ခင်နိုင်က အသင်း၏ရှေ့လုပ်ငန်းစဉ်များ၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးဉာဏ်လှိုင်ဝင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်



ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းနှင့် အသင်းသားစာရင်းစစ်ခေါင်းဆောင် ဦးအောင်စိုးက အသင်းသား စာရင်းစစ်အစီရင်ခံစာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော အသင်းသား အသင်းသူများ၏ သား၊ သမီးများအား GEC(ပညာရေး) သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပခုက္ကူစာပေဆုရစာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် ဩဂုတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူ စာပေဆု သုတေသနစာပေ တတိယဆုရရှိသည့် စာရေးဆရာ လက်ယာ(မေတ္တာတံခွန်)၏ “လပြည့်ရေဖွား မြန်မာလူကျော်များ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

လပြည့်နေ့များတွင် ဖွားမြင်ခဲ့ကြသည့် (၁) မထေရ်မြတ်များ၊ (၂) သီလရှင်ဆရာကြီးများ၊ (၃) လောကီပညာရှင်များ၊ (၄) ပဒေသရာဇ်များ၊ (၅) နိုင်ငံရေးသမားများ၊ (၆) တပ်မတော်သားများ၊ (၇) စာရေးဆရာများ၊ (၈) ပညာရှင်များ၊ (၉) အနုပညာရှင်များ၊ (၁၀) လုပ်ငန်းရှင်များ စသည်ဖြင့် ၁၀ မျိုးခွဲခြားကာ သုတေသနပြုထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ရပ်ကွက်/ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

### ဆောင်ရွက်ပေး

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးဦးကျော်ဝင်းထွန်းနှင့် ဝန်ထမ်းများက အဖွဲ့များခွဲကာ ရပ်ကွက်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရေးအတွက် အသက် (၁၆-၁၈)ကြား၊ နိုင်မရှိသူများ၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ အိမ်ထောင်စုမရှိဘဲ ပုံစံအလွတ်ဖြင့် ကောက်ယူလာသူများ၊ ရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ အငြိမ်းစား ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများအား Biometric ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အေးမဥ္ဇူ

## တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲအတွက် လူရွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း ဒေသကြီး ဘိလိယက်နှင့် စနူကာလူရွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ်ပဒေသာ အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူရွေးပွဲတွင် တိုင်းဒေသကြီးရှိ ခရိုင်များမှ အမျိုးသား ပဏာမ ဘိလိယက်နှင့် စနူကာ အားကစားသမားများ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲအပြီးတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းနှင့် ဦးပေါက်စ



အမျိုးသားစနူကာပြိုင်ပွဲတွင် အောင်မြင့်(သန်လျင်ခရိုင်) ယှဉ်ပြိုင်စဉ်။

(မြန်မာ့လက်ရွေးစင်)၊ ဦးခင်မောင်ဦး (မြန်မာ့လက်ရွေးစင်ဟောင်း)တို့က ဘိလိယက်အမှတ်အများဆုံး ထိုးသူ(Highest Break)ဆုရရှိသော အားကစားသမားနှင့် စနူကာ အမှတ်အများဆုံးထိုးသူ (Highest Break) ဆုရရှိသူနှင့် ဘိလိယက်၊ စနူကာတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာလူရွေးပွဲကို ဩဂုတ် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ပြီး ထူးချွန်သည့် အားကစားသမားများကိုရွေးချယ်ကာ အောက်တိုဘာလတွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသားဘိလိယက် လေးဦး၊ စနူကာကစားသမား လေးဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗလစိုး

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါဆေးမေတ္တာ အမှတ်တံဆိပ် ဆေးဝါး(၂၆)မျိုးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ဆေးမေတ္တာ | ဆေးအိုးပုတ်ဆေးကြီး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၂။ | ဆေးမေတ္တာ | ယားနာလိမ်းဆေး | ဆေးအနှစ် | ဆရာမဒေါ်ခင်စန်းရီ ၊ ဗန်းမော်မြို့။ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၃။ | ဆေးမေတ္တာ | လိပ်ခေါင်းပျောက်ဆေး | ဆေးလုံး | ဆရာမဒေါ်ခင်စန်းရီ ၊ ဗန်းမော်မြို့။ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၄။ | ဆေးမေတ္တာ | ရှဉ့်မတက်အားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၅။ | ဆေးမေတ္တာ | အစာအိမ်ရောဂါပျောက်ဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၆။ | ဆေးမေတ္တာ | လေနိုင်ဆေးရည် | ဆေးရည် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၇။ | ဆေးမေတ္တာ | အာရုံကြောအားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၈။ | ဆေးမေတ္တာ | အဆုတ်သန့်ဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၉။ | ဆေးမေတ္တာ | သက်ရင်းကြီးအဆီကျဆေး | ဆေးလုံး | ပက (၉၅၈)၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့။ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၀။ | ဆေးမေတ္တာ | လေဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၁။ | ဆေးမေတ္တာ | နှလုံးအားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၂။ | ဆေးမေတ္တာ | အပူလွန်သွေးအားနည်းကင်ဆာဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၃။ | ဆေးမေတ္တာ | မျက်စိအားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၄။ | ဆေးမေတ္တာ | သားအိမ်သန့်ရှင်းဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၅။ | ဆေးမေတ္တာ | အပူငြိမ်းဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၆။ | ဆေးမေတ္တာ | သဘာဝအားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၇။ | ဆေးမေတ္တာ | သက်ရှည်ကျန်းမာဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၁၈။ | ဆေးမေတ္တာ | လေးဖက်နာရောဂါပျောက်ဆေး | ဆေးလုံး | ကချင်ပြည်နယ် ၀၉-၄၅၅ ၈၄၉ ၈၈၇ မန္တလေး၊ ၀၉-၂၅၉ ၀၉၆ ၆၅၂ |
| ၁၉။ | ဆေးမေတ္တာ | ဆီးနှင့်ကျောက်ကပ်ပျောက်ဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၂၀ | ဆေးမေတ္တာ | သမြားနီဆေး | ဆေးလုံး | ဆရာမဒေါ်ခင်စန်းရီ၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၂၁ | ဆေးမေတ္တာ | သွေးသန့်ဆေးကြီး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၂၂ | ဆေးမေတ္တာ | အကျိတ်ကြေဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၂၃ | ဆေးမေတ္တာ | နားရောဂါသက်သာပျောက်ကင်းဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၂၄ | ဆေးမေတ္တာ | သွေးတိုးကျဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၂၅ | ဆေးမေတ္တာ | မျက်စိကွင်းဆေး | ဆေးခဲ | ၀၉-၄၅၅ ၈၄၉ ၈၈၇ |
| ၂၆ | ဆေးမေတ္တာ | ဆီးသန့်စင်ဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅ ၈၄၉ ၈၈၇ |



**တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ**

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာစိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရောဝတီဖောင်ဒေးရှင်းက လှူဒါန်းသည့် မြက်ခင်းတုလေ့ကျင့်ရေးကွင်း (၃)နှင့် (၄) တို့ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၃

ရောဝတီဖောင်ဒေးရှင်းက တည်ဆောက်လှူဒါန်းထားသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းအမှတ် (၃) နှင့် (၄) တို့ကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ မြက်ခင်းတုလေ့ကျင့်ရေးကွင်း(၃)နှင့် (၄) တို့မှာ ကွင်းမြက်ခင်းပြင်များ ပြန်လည်ပြုပြင်ရန် လိုအပ်သဖြင့် ၂၀၂၄ ခုနှစ် မတ် ၁၃ ရက်တွင် Futsal Chitthu Sports Floor Co.,Ltd. က လုပ်ငန်းအပ်နှံတည်ဆောက်ခဲ့ရာ ကျပ်သိန်းပေါင်း ၁၁၀၀၀ ကုန်ကျခဲ့ပြီး ရောဝတီဖောင်ဒေးရှင်းက လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ လေ့ကျင့်ရေးကွင်းများတွင် လူငယ်လက်ရွေးစင်အသင်းများ လေ့ကျင့်မှုပြုလုပ်ခြင်း၊ အကယ်ဒမီသင်တန်းသားများ သင်ကြားမှုပြုလုပ်ခြင်း၊ ခြေစမ်းပွဲများ ကစားခြင်းစသည့်ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသလို မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများလည်း လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

လေ့ကျင့်ရေးကွင်း ပြန်လည်တည်ဆောက်ပြီးစီးသဖြင့် ဖွင့်ပွဲအထိမ်းအမှတ်ခြေစမ်းပွဲကို ဩဂုတ် ၂၂ ရက် ညနေပိုင်းက မြန်မာ့လက်ရွေးစင် အမျိုးသား/အမျိုးသမီး ကစားသမားဟောင်းများအသင်းနှင့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယဆုရ မြန်မာ့လက်ရွေးစင်အမျိုးသမီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ လက်ရွေးစင်ဟောင်းများအသင်းတွင် အောင်နိုင်၊ အောင်ကျော်ကျော်၊ ဟန်ထွန်း၊ ငွေထွန်း၊ ထွန်းမြင့်လွင်၊ စိုးမြတ်မင်း၊ အောင်အောင်ဦး၊ တင့်နိုင်ထွန်းသိန်း၊ ရန်ပိုင်၊ မင်းသူ၊ ကိုကိုအောင်၊ စည်သူသန်း၊ အောင်ဇော်မျိုး၊ ဘိုဘိုအောင်၊ ခင်မောင်လွင်၊ ရန်အောင်ကျော်၊ စိုးမင်းနိုင်၊ အောင်မိုးနှင့် ကစားသမားဟောင်းများ ပါဝင်ကစားကြပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီး အသင်းတွင် နည်းပြချုပ် ယုကီ၊ အုပ်ချုပ်သူ ဦးကြည်လွင်အပါအဝင် ဇင်မာဝမ်း၊ သူဇာထွေး၊ ခင်မိုးဝေ၊ ခင်သန်းဝေ စသည့်လက်ရွေးစင်ဟောင်းများ၊ နော်ထက်ထက်ဝေ၊ မြတ်နိုးခင်၊ ဇွန်ယုယဦး၊ အိစန္ဒာဇော်၊ မျိုးမြမြငြိမ်း၊ ဝင်းဝင်း၊ မေသက်မွန်မြင့်နှင့် လက်ရွေးစင်များ ပါဝင်ကစားခဲ့သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF



အသစ်ပြုပြင်တည်ဆောက်ပြီးစီးသွားသည့် မြက်ခင်းတုလေ့ကျင့်ရေးကွင်း ပြန်လည်တည်ဆောက်ပြီးစီးသဖြင့် ဖွင့်ပွဲအထိမ်းအမှတ်ခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းနှင့် လက်ရွေးစင် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ဘိုင်ယန်မြူးနစ်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

❋ ကျောဖုံးမှ

အခုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး လူးဝစ်ဒိုင်ယက်ဇ်ကတော့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက လီဗာပူးအသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပထမဆုံးဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

### စွမ်းဆောင်နိုင်ခဲ့

နည်းပြကွန်ပနီရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိချန်ပီယံဆိုတဲ့ဂုဏ်ပုဒ်နဲ့အညီ ဘွန်ဒက်လီဂါအဖွင့်ပွဲစဉ်မှာ လိုက်ပ်ဇစ်အသင်းကို ဂိုးပြတ်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်ဟာ ဘွန်ဒက်လီဂါပွဲစဉ် (၁) ရဲ့ အစောဆုံးနဲ့ အကောင်းဆုံးပွဲစဉ်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းဟာ ပွဲစဉ် (၂) အဖြစ် ဩဂုတ် ၃၀ ရက်မှာ အော့စ်ဘတ်အသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ကာ လိုက်ပ်ဇစ်အသင်းကတော့ ဟောဒင်ဟိမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ငွေကြယ်

❂ အာဆီယံမှ

အုပ်စုပထမနေရာအတွက် အနိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးထပ်သွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၂၆၊ ၅၅ မိနစ်တွင် ပင်မြင့်ယံ၊ ၅၈ မိနစ်တွင် အယ်အယ်ဆိုင်းဟွမ်နန်း၊ မိနစ် ၉၀ တွင် ရှင်းသန့်ဖြူစင်ပြုံးတို့က သွင်းယူပြီး ကမ္ဘောဒီးယားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၃ မိနစ်တွင် သပီတာရစ်သ် က သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နည်းပြသစ် ဂျပန်နိုင်ငံသူ တာရှီရို လက်ထက် ပထမဆုံးနိုင်ငံတကာပွဲတွင် နိုင်ပွဲရခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲကို သုံးသင်း သုံးအုပ်စုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၂၅ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF

❋ (၅၇)ကြိမ်မြောက်မှ

မြန်မာ့လက်ရွေးစင်ကာယဗလကစားသမား ချမ်းမြေ့ထွန်းသည် အရှေ့တောင်အာရှကာယဗလ 75 kg ပြိုင်ပွဲတွင် ရွှေတစ်ခု၊ Over Allပြိုင်ပွဲတွင် ရွှေတစ်ခု၊ အာရှအမျိုးသားကာယဗလပြိုင်ပွဲ 75 kg တွင် ရွှေတစ်ခု စုစုပေါင်းရွှေသုံးဆုရရှိကာ မြန်မာနိုင်ငံအတွက် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သူ ဖြစ်သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် (၅၇) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကာယဗလအားကစားသမားများသည် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးခုနစ်ခု ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဩဂုတ် ၂၅ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

❖ ONE Friday မှ

ချော့ပရီချာကလည်း လက်သီးချင်းဆိုင်ထိုးသော်လည်း သွေးလင်းထက်ကို အထိမနာစေဘဲ ဒုတိယအချီတွင်လည်း ဆက်လက်ဖိအားပေးထိုးသတ်ခဲ့သည်။

သွေးလင်းထက်၏ လက်သီး၊ ဒူးတိုက်ချက်များဖြင့် ချော့ပရီချာ ပြိုဆင်းသွားပြီး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သွေးလင်းထက်သည် အပိုဆုကြေး ဘတ်သုံးသိန်းခွဲ ရရှိခဲ့ပြီး ONE နှင့် ခြောက်ပွဲမြောက် ထိုးသတ်ရာတွင် ငါးပွဲမြောက်နှင့် နောက်ဆုံးလေးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ONE


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/၁၊ မြေကွက်အမှတ်- ၂၇/၉ ပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ်- ၃/၁၊ Pinlon Village၊ ရှုခင်းသာလမ်းသွယ်၊ (၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ တိုက်အမှတ် - E၊ အကျယ်အဝန်း (GSF - 1900 sqft/ NSF- 1710 Sqft)ခန့်ရှိ တိုက်ခန်းအမှတ်- ၁၀၄၊ (Block - E 104, Pinlon Village Residences) ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် (၂၄-၃-၂၀၂၃)ရက်စွဲပါစာချုပ်အရ ရောင်းသူ ဦးမင်းသက်ထူး [၁၂/သဃက(နိုင်)၁၆၄၀၆၄]နှင့် ဒေါ်သင်းသွယ်သွယ် [၁၂/မရက(နိုင်) ၁၂၁၂၃၃]တို့ (၂)ဦးမှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းအား ရောင်းသူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မိုး [၉/ပမန(နိုင်)၀၅၆၃၃၁]မှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂၉ စီ၊ လူနေရပ်ကွက်အမှတ်- ကုန်းတလဘောင်၊ အကျယ်အဝန်းဧရိယာ (၁.၅၀)ဧကရှိ မြေကွက်ကြီးအနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်အမှတ်- ၁၀၊ ရွှေစေတီ (၅)လမ်း၊ ကုန်းတလဘောင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အိမ်ရာမြေအသုံးပြုခွင့်ရ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် (၄-၇-၂၀၂၅) ရက်စွဲပါ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူများဖြစ်ကြသည့် ဦးခင်မောင်နွဲ့ [၁၁/မဥန(နိုင်)၀၉၃၃၂၄] နှင့် ဦးအေးမင်းထွန်း [၅/ကလထ (နိုင်)၁၃၀၇၅၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၃၂)၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၁၀) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်ဦး၏ စတုတ္ထထပ်၊ ၅ လွှာ၊ အခန်းအကျယ်အဝန်း (၁၂½ပေx ၅၀ပေ) ခန့်ရှိ ခြေရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးကံငွေး [၈/မမန(နိုင်)၁၄၅၆၉၄]**က ၎င်းတရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်အေးချမ်းမေ[၁၁/ကဖန(နိုင်)၀၈၀၃၂၆]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုမွန် [တရားလွှတ်တော်ရှေ့နေ] (စဉ်- ၁၃၄၉၆)**
**[LL.B, D.B.L, D.I.L, D.I.P.L, DL-101 WIPO (Switzerland)]**
**ဖုန်း- ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၀၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်- ၃၀၂ (၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၅၁)၊ (၅)လွှာရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သန္တာညိုမြင်း[၁၂/သဃက(နိုင်)၁၇၆၈၂၈]က အမည်ပေါက် ဒေါ်သန်းသန်းအေး [၁၂/သဃက(နိုင်)၁၁၆၇၂၈]ထံမှ အရပ်စာချုပ် အဆက်အစပ်များဖြင့် ၎င်းဝယ်ယူလက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးဝေထွန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၇)**
**ရုံး-အမှတ်(၁၂၅/ခ)၊ ၄-လွှာ၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-5046754, 09-788718155**


**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၅၀၁/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ **ဦးလှိုင်ထွန်း(AA-၀၃၉၃၉၉)** အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ အမှတ်(၅၀၁/က)ဟုခေါ်တွင်သည့် နေအိမ်တစ်လုံးအပါအဝင် မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်မှ ကွယ်လွန်၍ ၎င်း၏ သမီးဖြစ်သူ **ဒေါ်ခင်မေဦး [၁၂/ဥကတ(နိုင်)၁၈၁၇၅၁]**မှ ၎င်း တရားဝင် ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ပန်းအိစံ [၁၃/လရန (နိုင်)၁၃၁၉၂၈]** မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုး သက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း များနှင့်အတူ ယခုကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုမွန် [တရားလွှတ်တော်ရှေ့နေ] (စဉ်–၁၃၄၉၆)**
**[LL.B,D.B.L,D.I.L,D.I.P.L,DL–101WIPO(Switzerland)]**
**ဖုန်း – ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄၁၁**
**အမှတ် – ၃၀၂(၁၂+၁)ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ် (၁၄၂)၊ ဦးပိုင်အမှတ် (၅၈)၊ ၁၈x၁၉ကြား၊ ၈၂x၈၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းရွှေထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၅၀၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိမွန်မွန်လှ [၉/ခအဇ(နိုင်)၀၁၇၉၄၂]က အမှုတွဲအမှတ် (၂၁၀၉/၂၀၂၅–၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈရပ်ကွက်၊ အကွက်အမှတ် (ပပ–၈)၊ ဦးပိုင်အမှတ် ၂၈/၆၃x၆၄ကြား၊ ၁၃၄x၁၃၅ လမ်းကြားရှိ ဦးလှမြင့် အမည်ပေါက် တောဂရန်မြေကွက်အား အဘိုး ဦးလှမြင့်၊ အဘွား ဒေါ်အုံးကြည်၊ ဖခင် ဦးမြင့်ဦးတို့ ကွယ်လွန်၍ ကျန်ရစ်သူ သမီး ဒေါ်ခိုင်ခိုင်ဦး [၉/ခအဇ(နိုင်)၀၁၅၁၈၄]က တောဂရန်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ–၂၃)၊ ဦးပိုင်အမှတ်(၃၆)၊ ၅၈x၅၉ကြား၊ ၁၃၀x၁၃၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိုးမိုးလွင် [၁၃/လရန(နိုင်)၀၈၂၁၇၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ–၂၃)၊ ဦးပိုင်အမှတ်(၂၀+၃၅)၊ ၅၈x၅၉ ကြား၊ ၁၃၀x၁၃၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိုးမိုးလွင် [၁၃/လရန (နိုင်) ၀၈၂၁၇၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ–၅)၊ ဦးပိုင်အမှတ်(၁၁–က)၊ ၆၉x၇၀ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်သင်း [၉/မနမ (နိုင်) ၀၈၄၄၈၇]၊ ဒေါ်မြင့်စန်းရွေး [၉/မနမ (နိုင်) ၀၈၄၂၃၅]၊ ဒေါ်လှလှထွေး [၉/မနမ (နိုင်) ၁၁၀၁၈၄]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၆၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမြင့်ဦး [၅/ကသန (နိုင်) ၀၅၅၁၁၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "Love Ko" Facebook Account နှင့်တကွ အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၇)လမ်း၊ အမှတ် (၃၉) (ပထမထပ်)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမာမက်မဂျစ် (ခ) ဦးဝင်းနိုင် [၁၂/မဂတ (နိုင်)၀၂၃၆၁၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်–

**"Love Ko" Facebook Account** အတုမှ ကျွန်ုပ်၏မိတ်ဆွေအပါအဝင် ၎င်းတို့၏ မိသားစုအား ဂုဏ်သရေ အရှက်သိက္ခာ ထိခိုက်ကျဆင်းစေရန် မဟုတ်မမှန် အရေးအသားများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ရေးသားပြီး လူမှုကွန်ရက် အဆက်အသွယ်ဖြစ်သည့် **Messenger** ပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏မိသားစုဝင်များထံသို့ တိုက်ရိုက်ပေးပို့၍ ဂုဏ်သရေဖျက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆဲဆိုခြင်း၊ နှောင့်ယှက်နေခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။ ထို့ပြင် ကျွန်ုပ်၏မိတ်ဆွေ၏ ဆွေမျိုးအရင်းအချာများ၏ ကိုယ်ပိုင်အဆက်အသွယ်များထံသို့ သီးခြားပေးပို့၍ သော်လည်းကောင်း၊ ထိုသူတို့အား **Messenger** တွင် **Group** ပြုလုပ်၍ ကျွန်ုပ်၏မိတ်ဆွေ အပါအဝင်မိသားစုဝင်အား ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်သည့် အရေးအသားများကို မဟုတ်မမှန်ဖန်တီးပြုလုပ် တင်သွင်းနေသည်ကို ရပ်တန့်၍ ကျွန်ုပ်၏မိတ်ဆွေနှင့်မိသားစုဝင်အား ယခုကဲ့သို့နိုင်ငံပိုင် သတင်းစာတွင် အတိအလင်း တောင်းပန်ကြေညာရန်နှင့် ထပ်မံရေးသားပေးပို့ပါက ကျွန်ုပ်၏မိတ်ဆွေမှ **"Love Ko" Facebook Account** အတုသည် မည်သူဖြစ်သည်ကို အတိအကျသိရှိနေသည့်အတွက် ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် ဆက်သွယ်ရေးဥပဒေဖြင့် သော်လည်းကောင်း၊ တရားမနစ်နာမှုဖြင့် သော်လည်းကောင်း တရားစွဲဆို အရေးယူတော့မည်ဖြစ်ကြောင်း **"Love Ko" Facebook Account** အတုနှင့်တကွ အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဦးမာမက်မဂျစ် (ခ) ဦးဝင်းနိုင် [၁၂/မဂတ(နိုင်)၀၂၃၆၁၂] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွှန့်ဟေမာသိန်း LL.B, DL–101 (WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၁၉၀)**
**အမှတ်(၁၄)၊ (၆)လွှာ၊ အောင်မင်္ဂလာလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ PH: 09–267211563**

## ကိုချမ်းငြိမ်းသူ(ခ)ကောက်ရိုး [၈/စလန(နိုင်)၁၅၉၁၉၅]နှင့် တကွ အများသိစေရန်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ တေဇာခင်ဦး(၅)လမ်း၊ အမှတ်(မရှိ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမိုးမြင့်ကျော်နိုင် [၁/မကန (နိုင်)၁၄၄၂၁၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

